မြန်မာပြည်ကြီး၏။မြို့မင်္ဂလာ။ရတနာအပေါင်းတို့ဖြင့်
တန်ဆာဆင်အပ်သော
တိဂုံစေတီတော်မြတ်ကြီးအတွင်း။
သဇီဝဆံတော်ဓါတ်။ကိန်းဝပ် စံပယ်တော်မူရာဒေသ
ဥက္ကလာစေယျ။ရန်ကုန်မြို့။
အမ္ဗဝနာရာမ
နှစ်ကျိပ်ရှစ်ဆူ-ဗိဋကဌာန
ဂန္ထဝါစက “ဦးသုရိယ” အရှင်သူမြတ်သည်
ပြည်သူအပေါင်းတို့အား။အကျိုးစီးပွါး
များစိမ့်သောငှါ။
သုတ္တံပိဋက,မဟာဝဂ္ဂ,သတ္တမမြောက်။

# မဟာသမယသုတ်

၃၁၂
ယ

ပါဠိတော်မြတ်ကို-အဋ္ဌကထာ-ဋီကာ
စသည်တို့နှင့်တိုက်ဆိုင်၍
ဘာသာပြန်-ဆိုအပ်သတည်း။

အဘိုး ၂-၀။

[ပုံအက္ခရာချွတ်ယွင်းတိမ်းပါးခဲ့ပါလျှင်။]
သည်းခံ၍။ရှုတော်မူပါ။



ဂန္ထဝါစက။

ဦးသုရိယ။

# ပဏာမပဋိညာဉ်။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

[၁] နာနာဒေဝသမာကိဏ္ဏော၊
ပုပ္ဖိတောပါရိဆတ္တကော။ ။
တထာသောဘာတိသမ္ဗုဒ္ဓေါ၊
သံဃဂဏပရိဝုတော။ ။

[၂] တာဒိသံသိရိသမ္ပန္နံ၊
နမောကတွာသိရသာဟံ။
ရစိဿံသကဘာသာယ၊
မဟာသမယသုတ္တဇံ။ ။

နာနာဒေဝသမာကိဏ္ဏော၊တာဝတိံသာ နတ်မြို့မှာလျှင်၊ ဒေဝါအများ,နတ်သိကြားတို့။ ပျော်

ပါး ရွှင်ပျူး။ နှလုံးမွေ့လျော်ရာ။ ကမ္ဘာ့ပန်းပုံ။ နှင့်
သာရုံတို့ဖြင့်။ အဖုံဖုံပျိုးပြွမ်း။ ထုံကြိုင်လျှက်ရှိ
သော။ ပါရိဆတ္တကော၊ ဆုန်းကံအသျှောက်။ ဖြစ်
မြောက်ခိုင်ပြီး။ ရွှေမြင့်မိုရ်တောင်ထိပ်ဘေဝယ်၊
တင့်တယ်စွာ ပေါက်ရောက်လျှက် ရှိပေသော။
ပင်လယ်ကသစ်ပန်းပင်ကြီးသည်။ ပုပ္ဖိတော၊ ပ
ရစ်တန်လွှန်။ ဖူးငုံကွန့်လျှက်။ ပန်းရကံမြှည့်ဆုံး။
ပင်လုံးကျွတ်ဝေဆာ၍၊ ကောင်းစွာပွင့်လာသည်
ရှိသော်။ သောဘာတိယထာ၊ ရှုသူ, မြင်သူ, ကြည်
ပြူးဆင့်ပွါး။ ပန်းပင်နားမှ။ မသွားနိုင်ပြီ။ လေပင့်ချိ
လျှက်။ ကြူးသိမ့်ညြ။ ရွှင်မောဝမ်းသာ။ တင့်
တယ်ရာဘိသို့။ ထထာ၊ ပမာနိုင်းတူ။ ပင်လယ်
ကသစ်ပန်းပင်ကြီးအတူ။ သံဃာဂဏာပရိဝုတော
မဟာရန်တောကြီးဝယ်။ ရွှင်မောဝမ်းသာ။ များ
စွါသောရဟန်းသံဃာတော်အပေါင်း နှတ်ဖြိုဟွာ
အပေါင်းတို့သည်။ ကောင်းစွာဆီးကပ်ပူဇော် ခြ
ရံအပ်သော။ သမ္ဗုဒ္ဓေါ၊ ပါရမီတော်အဟုံ၊ ဆုန်း
တော်ဂုဏ်တို့ကြောင့်၊ ကောင်းစွာဆသင့်။ ပွင့်

ခြင်းသို့ရောက်တော်မူပြီးသော၊ မြတ်စွာဘုရား
သည်၊ သောဘဏ၊ဖူးမြင်ရသူ၊ကြည်ဖြူဆင့်ပွါး။
ကိုယ်တော်ပါးမှ၊ မသွားနိုင်ပြီ။ လက်ဒုလ်ချီ၍။
ကြူးသီအံ့ဩ၊ပြောကာဆိုကာ-ဂါထာဂီတိ၊ သံ
ဝါညှိလျှက်။သဒ္ဒါတက်အောင်။ ရှက်သောင်ဖန်
ထိုးလျှက်။ အတင့်တယ်ကြီး၊ ထင့်တယ်တော်မူ
ပါပေ၏“ရွှေဘုန်းတော်သခင်အရှင်မြတ်ဘုရား”
တာဒိသံ၊ ပမာနိုင်းပုံ။ ကာသစ်ပင်ရုံကြီးနှင့်တူ
သောသဘောရှိတော်မူထသော၊သိရီသမ္ဘန္နံ၊အနိ
မာဂုဏ်,မဟိမာဂုဏ်,လုံးရုံများစွာ၊ကြက်သရေ
မင်္ဂလာ။ဆဖြာဖြာတို့နှင့်ပြည့်စုံတော်မူသော၊တံ
ဗုဒ္ဓံ၊ထိုဘုရားရှင်ကိုယ်တော်မြတ်ကို။အဟံ၊ ဆ
ကျွန်ုပ်သည်။ ဝိရဿ၊ကိုယ်ဗြိုဝ်တွင်၊ အမြတ်
တင်သည့်၊ဥဒ္ဒကျွောင်းရတနာ၊ မြတ်အင်္ဂါဖြင့်၊ န
မော-နမကာရော၊ ရှိခိုးခြင်းကို၊ ကတွာ-ကရော
မိ၊ပြုပါ၏။ကတွာ၊ရှိခိုးခြင်းကိုပြုပြီး၍၊မဟာသမ
ယသုတ္တန်၊များစွာသောနတ်ဗြဟ္မာအပေါင်းတို့
၏ စီးပေးကြောင်းဖြစ်သောကြောင့်။ မဟာသမ

ယ,နာမသမုတ်။ ရွှေနှုဝ်တော်မြွက်။ သုတ်အနက်ကို။ ဘာကာဘာသာယာ၊ မြန်မာ့တိုင်းဘွား။ အမျိုးသားတို့။ ဆိုညှားမရွေ့ ဆလေ့ဝေါပါ။ မြန့်ဘာသာဖြင့်။ ရေစရိသံ၊ ပုဒ်နေမထွေး။ သိလွယ်ရေးဖြင့်၊ စိတ်စေးပြုပြင်၊ ရေးစီရင်ပေအံ့သတည်း၊ ၊

ပဏာမပဋိညာဉ်ပြီး၏။

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မဟာသမယသုတ်-နိဒါန်းအကျဉ်းချုပ်။

ဤဒီဃနိကာယ- မဟာဝဂ္ဂသတ္တမဆင့်၊ မဟာသမယသုတ္တံမြတ်ကိုဟောတော်မူခြင်းကား ဘုရားရှင်သည်၊ သက္ကတိုင်း၊ ကပိလဝတ်နေပြည်တော်၏အနီး၊ မဟာဝုန်တောကြီးအလယ်၌ ကောလိယပြည်သား၊ ကပိလဝတ်ပြည်သား။ သာကီဝင်မင်းမျိုးမှ ရဟန်းပြုကြကုန်သော၊ ရဟန်းတော်များအား။အထက်မဂ်သုံးပါးကိုရကြစေခြင်း။ရောက်စေခြင်းအကျိုးငှါ၊လျော်ပတ်ကြသောကမ္မဋ္ဌာန်းများကို၊ပေးအပ်တော်မူပြီးလျှင်။ချမ်းအေးကြည်လင်စွာ၊ သီတင်းသုံးနေတော်မူစဉ်။ထိုရဟန်းတော်အရှင်မြတ်တို့သည်၊ အစဉ်အတိုင်း ဝိပဿနာကို ပွါးများတော် မူကြ၍၊ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော် မူကြပြီးလျှင်။ညချမ်းအခါ၊ကိန်းအောင်းရာဌာနတို့မှ၊မိမိ

တို့ရအပ်သော၊ လောကုတ္တရာ တရားအထူး။
ဂုဏ်ကျေးဇူးတို့ကို၊ ချီးကြူးလျှောက်ကြား အံ့
သော၌။ ဘုရားရှင်ထံတော်ပါးသို့။ အသီးအသီး
ဆည်းကပ်ခစားလာရောက်ကြသတည်း။ ။ ထို
အရှင်မြတ်တို့၏ စိတ်တော်တို့၌။ ငါတို့ ရအပ်
သောထူးထူးကို။ နတ်နှင့်တကွသော လောက
သည်၊ လျှင်စွာသိုးထွင်း။ အလင်းသိမြင်ကြလို
သောစိတ်ရှိတော်မူကြကုန်၏၊ အချို့သောအရှင်
တို့ကား။ (ရွှေအိုးကိုရသော ယောကျ်ားကဲ့သို့၊)
သူတပါးတို့အား။ ပြောကြားခြင်း၌ အလိုမရှိကြ
ကုန်။ ။ ဤသို့အားဖြင့်။ ဘုရားအထံ တော်သို့၊
ကိုယ်စီကိုယ်၌ ချဉ်းကပ်ခါမျှဖြစ်လပ်သော၊ အ
ရှေးယုဂန္ဓိုရ်တောင်ဖွန်းမှ။ သီးနှင်းမြူတိမ်သူရိမ်
မိုးခိုးညစ်မျိုးငါးအင်၊ ကင်းစင်တောက်ပသော။
ယုံစန္ဒာလရထားသည်။ ကြယ်တာရာအပေါင်း။
ခြံရံသျှက်၊ ကောင်းကင်ထက်သို့၊ တက်လပ်ဆဲ
အခါ။ မြတ်စွာဘုရားတည်းဟူသော ရွှေလမင်း
ကြီးသည်။ သဏ္ဍာတိုင်း။ ကပိလဝတ် နေပြည်

တော်၏အနီး၊ မဟာဗုန်းတောကြီး၌။ သာကီဝင်
မင်းသား၊ ရဟန္တာငါးရာအပေါင်း ခြံရံလျက်။
စံပယ်တော် မူခိုက်အခါ။ ။ဘုရားမြတ်သည်၊
မဟာသမ္မတမင်းမျိုး၌ဖြစ်တော်မူ၏၊ ထိုရဟန္တာ
မြတ်တို့ သည်လည်း။ မဟာသမ္မတမင်းမျိုး အ
နွယ်တော်ဖြစ်ကြကုန်၏၊ဘုရားမြတ်သည်၊ လူ၌
ဖြစ်သော ထီးဖြူကိုပယ်စွန့်၍၊ လက်တော်သို့
ရောက်အံ့သောစကြာမင်းအဖြစ်ကိုပယ်တော်မူ
၍၊ရဟန်းပြုတော်မူသည်၊ ထိုရဟန္တာ မြတ်တို့
သည်လည်း။ ထီးဖြူကို ပယ်စွန့်၍၊ လက်သို့
ရောက်အံ့သော တိုင်းနိုင်ငံကို၊ ပယ်တော်မူကြ
လျက်။ရဟန်းပြုတော်မူကြလေသည်၊ ဤသို့လျှင်
ဘုရားမြတ်သည်၊ စင်ကြယ်သောဒေသ၌၊ စင်
ကြယ်သောညည့်အဘို့တွင်။ ကိုယ်တော်သည်၊
အနွယ်တော်အားဖြင့်။ စင်ကြယ်တော်မူသည်
ဖြစ်၍၊စင်ကြယ်သောအခြံအရံရှိလျက်။ ကိုယ်
တော်သည်၊ ကင်းသော ရာဂ,ဒေါသ,မောဟ,ရှိ
သည်ဖြစ်၍၊ ကင်းသော ရာဂ,ဒေါသ,မောဟ,ရှိ

သော ရဟန္တာအပေါင်း ခြံရံလျက်။ ကိုယ်တော်သည်။ ကင်းသောကိလေသာရှိသည်ဖြစ်၍၊ ကင်းသော ကိလေသာရှိသော၊ ရဟန္တာအပေါင်းခြံရံလျက်၊ ကိုယ်တော်သည်။ သံသရာ ဝဋ်ဆင်းရဲမှ။ ကင်းလွတ်တော် မူသည်ဖြစ်၍။ သံသရာ ဝဋ်ဆင်းရဲမှ၊ ကင်းလွတ်ကြကုန်ပြီးသော၊ ရဟန္တာအပေါင်းခြံရံလျက်၊ ပြိုင်ဘက်မဲ့ ကင်း၊ အလွန့်အလွန်တင့်တယ်ခြင်းရှိသော၊ ယသ,ဘုန်းတော်၊ အရောင်အသရေတော်မြတ်တို့ဖြင့်၊ တလျှံလျှံလွှန်းထင်းတောက်ပစွာ၊ နေမင်းကဲ့သို့တင့်တယ်တော်မူပါပေ၏။

ဤသို့သောဘုန်းကြက်သရေအဖြို့တော အပေါင်းတို့၏ရပေါင်းခိုက်အခါ။ တသောင်းသော စကြာဝဠာမှ၊ နတ်ဗြဟ္မာအပေါင်းတို့သည်၊ မြတ်စွာဘုရားသီတင်းသုံးတော်မူရာ။ တခုသော ဤစကြာဝဠာမဟာဝုန်တောကြီးသို့ရှေးရှု၊ မိမိ,မိမိတို့ပရိသတ်တို့ဖြင့်၊ ရဝေးလာရောက်၊ ဆီးကပ်ဖူးမျှော်ကြလေကုန်သတည်း။

ဤအခါသည်။ဤစကြာဝဠာ၌။ ကြီးစွာသော အစည်းအဝေးကြီးသည်ဖြစ်၏။ ထိုအခါ သုဒ္ဓါဝါသဗြဟ္မာကြီး လေးဦးတို့သည်။ လေးခုသော အရပ် မျက်နှာမှ။ ညို,ရွှေ,နီ,ဖြူ,လေးဆူသော ကိုယ်ရောင်ဓါတ်တို့ဖြင့်။ မဖြတ်လွှတ်ကြလျက်။ စကြာဝဠာ တံတိုင်းရေးမှသည်။ ဘုရားရှင် ပရိသာတ်ရှိတော်မူရာ အရပ်သို့။ ဦးညွှတ်ခါ,ဦးညွှတ်ခါ။ အသီးအသီးသော ဂါထာဂီတိတို့ကို။ ကုံးသည့်ဖွဲ့နွဲ့ကြလျက်။ သာယာစွာ ကြူးရင့်ပူဇော်၊ဖူးမျှော်ကြလေသတည်း။

ဤသို့သောအကြောင်းကိုရည်၍၊ "ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ" ဟူ၍၎င်း။ "ဒသဟိစလောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ" ဟူ၍၎င်း။ အထခေါ တာဒေဝတာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌံသု။ ပ၊ ဣမံဂါထံ အဘာသိ" ဟူ၍၎င်း။ ပါဠိတော်၌ သင်္ဂါယနာတင်၊ မထေရ်မြတ်တို့၊ မိန့်ဟတော်မူကြကုန်သတည်း။

# မဟာသမယသုတ်ကို
# နတ်ဘုံကြည်ညိုလေးမြတ်ကြပုံ။

ဤမဟာသမယ သုတ်သည်။ မြတ်စွာဘုရား ရှေ့လက်ထက်တော်အခါ။ သက္ကတိုင်း။ ကပိလဝတ် နေပြည်တော်အနီး၊ မဟာဝုန်တောကြီးနှင့်။ များစွာသော နတ်,ဗြဟ္မာအပေါင်းတို့အား။ ပီတိကို ဖြစ်ပွားစေလျက်။ ဟောကြားတော် မူအပ်သော။ သုတ်တော်မြတ်ဖြစ်ပေသည်။ အတိတ်အခါကပွင့်တော်မူပြီးသော။မြတ်စွာဘုရား။ နောင်ပွင့်တော် မူလတံ့သော။ ဘုရားမြတ်တို့၏။ ရှေ့လက်ထက်တော်တို့၌လည်း၊ ယခု,ငါတို့ ဘုရားအတူ။ ကြီးစွာသော နတ်, ဗြဟ္မာ, အစည်းအဝေးကြီး ဖြစ်ခဲ့ဘူးပြီ။ ဖြစ်သိမ့်ဦးလတံ့။ ထိုကြောင့်။နတ်,ဗြဟ္မာအပေါင်းတို့သည်။အထူးသဖြင့် ကြည်ညို လေးမြတ်။ နှစ်သက်အပ်သော။ သုတ္တံပါဠိတော်မြတ်ဖြစ်ပေသည်။

ဤနှစ်သက်အပ်သော။သုတ္တံမြွက်ကို ကြားနာ
ကုန်အံ့ဟု။ကြည့်ရှုနားစိုက်လျက်။ နတ်တို့သည်
မဖြတ်ဆည့်လည်၍။လူပြည်သို့ အစဉ်တစိုက်။
ရူးစမ်းကြကုန်၏။ ။ထိုသို့သောအကြောင်းတို့
ကြောင့်။ရဟန်း,ရှင်,လူ, ပြည်သူ, အပေါင်းတို့
သည်။အိမ်,ကျောင်း,ရွာ,နိဂုမ်း,မြို့,တိုင်း,ခရိုင်,
နိုင်ငံအလုံးတို့၌ရပေါင်း၍။ မင်္ဂလာကြက်သရေ
အထွေထွေသော။လောကီ-လောကုတ်။ မယုတ်
အကျိုး။ပွါးတိုးစိမ့်ငှါ။ရွတ်ဘတ် သရဇ္ဈာယ်ခြင်း
ကို။ပြုအပ်ရာကုန်၏။

ထို မဟာသမယသုတ်ကို။ ရွတ်ဘတ် သ
ရဇ္ဈာယ်ရာ။ကြားနာရသောအရပ်ဌာနတို့သို့၊ တံ
ခိုးကြီးကုန်, တံခိုးကြီးကုန်သော။ နတ်ကောင်း
နတ်မြတ်တို့သည်၊မပြတ် လာရောက်ကြသဖြင့်။
လူတို့အား၊ နှိပ်စက်ညှဥ်းပန်း။ အရန်းမဲ့ပြုကျင့်
တတ်သော။လူယုတ်,လူကြမ်း, ဘီလူးကြမ်းနှင့်။
နတ်ကြမ်း,ဘုတ်ပြိတ်,အဟိတ်ဘီလူး,ရန်ဘူး ရန်

ပျော့ငင့်တို့သည်ရှင်း၊ ထိုဆိုအခ်ခဲ့ပြီး-နည်းသော တံခိုးရှိသော။ နတ်ယုတ်,နတ်လေ, တစ္ဆေ,သား ရဲ,တို့သည်ရှင်း၊ဝေးစွာဘဲသွားကြရကုန်၏။

မြတ်စွာဘုရားကိုယ်တော်တိုင်။ ဤမဟာသ မယသုတ်တော်ကိုဟောတော်မူသည်၏ အဆုံး ၌၊ {ကုဋေထသိန်းသော} နတ်,ဗြဟ္မာတို့သည်၊ ရဟန္တာဖြစ်ကြလေကုန်၏။သောတာပန်။ သက ဒါဂါမ်၊ အနာဂါမ်တို့၏ အဖြစ်ကား၊ အရေအ တွက်ကိုလွန်၏။

## နတ်တို့ကြည်ညိုလေးမြတ်သော၊ထုံးတခုကို ထုပ်ဆောင်၍ပြဒြီးအံ့၊

လင်္ကာကျွန်း။ကောဋိပဗ္ဗတကျောင်းတိုက်အတွင်း။ နာ ဂလေဏအမည်ရှိသောလှိုဏ်ဝ၌။တခုသော ကံ့ကော်ပင်ပျို သည်။ခက်ရွက်ဝေဆာသာယာသန့်ရှင်း။ မြေတလင်းတို့ဖြင့် ပြန့်သင်းသောရနံ့ရှိသော။ပန်းသစ်ပင်-တပင်သည် ရှိသော ဟူ၏။

ထိုကာလကော်ပင်၌တဦးသော နတ်သမီးသည်နေလင့်၏၊ ကောဋ္ဌိပဗ္ဗတ ကျောင်းတိုက်၌ ရဟန်းတော်တပါးသည်။ ညည့်အခါ-လှိုင်အတွင်း၌။ သီတင်းသုံး မွေ့လျော်ခါ။ ဤ [မဟာသမယသုတ်တော်မြတ်ကို။] သာယာသန္နှင်းစွာသ ရဇ္ဈာယ်တော်မူ၏။ နတ်သမီးသည်။ အစဉ်အတိုင်း နာကြားရသဖြင့်။ သုတ္တံ၏အဆုံး၌။ သုံးကြိမ်ကောင်းချီးပေးသတည်း။ ရဟန်းငယ်သည်။ ထိုကောင်းချီးသံကိုကြားလပ်သော်။

[ရဟန်း။] ဤကောင်းချီးပေးသောအသံကား။ အဘယ်သူဖြစ်ပေသနည်း။

[နတ်သမီး။] အရှင်ဘုရား။ အကျွန်ုပ်သည်၊ နတ်သမီးဖြစ်ပါသည်ဘုရားဟုလျှောက်၏။

[ရဟန်း။] အဘယ်သို့သောအကြောင်းကြောင့်။ ကောင်းချီးပေးဘိသနည်း။

[နတ်သမီး။] အရှင်ဘုရား။မြတ်စွာဘုရားသည်။သက္ကတိုင်း။ ကပိလဝတ်ပြည်တော်။ မဟာဝုန်တောကြီး၌။ သီတင်းသုံးတော်မူစဉ်။ ဤမဟာသမယသုတ္တံကို။ ကြားနာရပြီးသည့် နေ့မှစ၍။ ယခုမှ တကြိမ်မျှ ကြားနာရ ပါသည်ဘုရား။ မြတ်စွာဘုရားဟောတော်မူသည်နှင့်။ တပုဒ်-တပါဒမျှ မတိမ်းမခြား စေမူ၍၊ အရှင်ဘုရား တို့သည်။ ကောင်းစွာသင်ကြားခဲ့ပေ၏။

[ရဟန်း။] မြတ်စွာဘုရားသခင်။ဟောကြားတော်မူစဉ်က သင်ကိုယ်တိုင်ပင်ကြားနာခဲ့ရပါသလော။

[နတ်သမီး။] အရှင်ဘုရား အကျွန်ုပ်ကြားနာခဲ့ရပေ၏။

[ရဟန်း။] အိုနတ်သမီး။ ထိုမဟာသမယသုတ်ကို။ ဟောတော်မူသောအခါ။ များစွာသော နတ်ဗြဟ္မာအပေါင်းတို့ စည်းဝေးကြသည်။ သင်သည် အဘယ်အရပ်ကနေ၍ကြားနာရပါသနည်း။

[နတ်သမီး။] အရှင်ဘုရား။အကျွန်ုပ်သည်။မဟာဝန်တော၌ဖြစ်သောနတ်သမီးဖြစ်ပါသည်။ တံခိုးကြီးသော ဗြဟ္မာနတ်တို့ လာကြကုန်သည် ရှိသော်။ဇမ္ဗူဒိပ်၌။နေရာကိုမရသည်ဖြစ်၍။ဤကျွန်းသို့ လာပြီးလျှင်။ဇမ္ဗူကောလ မည်သော။ သင်းဘောဆိပ်၌နေ၍ နာကြားရပါသည်။ ထိုအရပ်သို့လည်း။တံခိုးကြီးသော။ တံခိုးကြီးသောနတ်တို့။ထပ်ခါ-ထပ်ခါလာကြကုန်သော်။ အစဉ်သဖြင့်နောက်သို့ဆုတ်၍။ ရောဟနဇနပုဒ်။မဟာဂါမရွာကြီးအနောက်။သမုဒ္ဒရာအတွင်း။လည်မျိုပမာလာရှိသော ရေသို့ဆင်း၍။ ထိုအရပ်ကနေ၍နာကြားရပါသည်။

[ရဟန်း။] အိုနတ်သမီး။သင်နေရာ အရပ်သည်။ မြတ်စွာ

ဘုရားနှင့်အလွန်ဝေးကွာလှ၏။ မြတ်စွာဘုရားကိုဖူးမြင်နိုင်ပါသေး၏လော။

[နတ်သမီး။] အရှင်ဘုရား။ အဘယ်သို့မိန့်တော်မူပါသလဲ။ ထိုမဟာဝုန်တောကနေတော်မူ၍။ ဟောကြားတော်မူသော မြတ်စွာ ဘုရားသည်။ တပည့်တော်မကိုသာ။ မပြတ်ကြည့်ရှုတော်မူ၍။ ဟောတော်မူသည်ဟု ထင်မိပါသည်။ လှိုင်းတံပိုးတို့၏အကြားအကြားက။ ပုံးလျှိုးကာ နားကြားရပါသည်ဘုရား။

[ရဟန်း။] ထိုမဟာသမယသုတ်ကိုဟောတော်မူသော အခါ၌။ ကုဋေတသိန်းသော နတ်ဗြဟ္မာတို့။ အရဟတ္တဖိုလ်သို့။ ဆိုက်ရောက်ကြလေသည်။ သင်နတ်သမီးသည်။ ထိုအခါ။ အရဟတ္တဖိုလ်ကို။ မျက်မှောက်ပြုရဟန်၍၏။

[နတ်သမီး။] အရှင်ဘုရား။ အရဟတ္တဖိုလ်သို့ မရမရောက်ရသေးပါဘုရား။

[ရဟန်း။] သို့ဖြစ်လျှင်။ အနာဂါမိဖိုလ်ကို ရောက်ဟန်ရှိပေလိမ့်မည်။

[နတ်သမီး။] အရှင်ဘုရား။ အနာဂါမိ ဖိုလ်သို့လည်း။ မရောက်ရသေးပေဘုရား။

[ရဟန်း။] သကဒါဂါမိဖိုလ်ကိုရောက်ဟန်ရပါ၏။

[နတ်သမီး။] အရှင်ဘုရား။ သကာဒါဂါမိမိုလ်သို့လည်း။ မ တက်ရောက်ရသေးပါ။

[ရဟန်း။] အိုနတ်သမီး။ အောက်မဂ် သုံးပါးသို့၊ ရောက် ရောက်ကုန်သောနတ်ဘို့သည် အရေအတွက် ကိုလွန်ကုန်၏။သင်သည်သောတာပန်မူကား။ ဖြစ်ဟန်ရှိပေ၏။

[နတ်သမီး။] နတ်သမီးသည်ရှက်နိုးလှ သဖြင့်။ အရှင်ဘုရား 'မမေးသင့်သောအရာကိုမေးဘိ၏တကား'ဟု။ လျှောက်ကြားလေသည်။

ထိုနောက်မှ- နတ်သမီးအား။ ရဟန်းငယ်က။ အိုနတ် သမီး။သင်၏ကိုယ်ကို။ ငါတို့အား ပြစွမ်းနိုင်ပါအံ့လောဟု။ မေးလဲ်သောအခါ။အရှင်ဘုရား။မိမိတကိုယ်လုံးကို ပြခြင်း ငှါကားမတတ်ကောင်း။သို့ရာတွင်။ကိုယ်၏အစိပ်ဖြစ်သော လက်ချောင်းတက် လက်တဆစ်မျှကို ပြပါအံ့ဟု။ လေးမြတ်စွာ လျှောက်ထားလေ၏။

[ရဟန်း။] အိုနတ်သမီး-ကောင်းလှပေပြီ။ မိမိကိုယ်ကို ပြ ခြင်းငှါအလိုမရှိပါက။ လက်ချောင်းမျှကိုသာ တွေ့မြင်ကြည့်ရှုရပေတော့အံ့။

[နတ်သမီး။] ထိုသို့အခွင့်ရရှိသော နတ်သမီးသည်။ ဂျူလိုင် တံခါး၏ သံကောက်ပေါက်မှ။ မိမိ၏လက်ကို သွင်းသွင်း၍ အတွင်းသို့ရှေး၍ရှု။ အရောင်လွှတ် သတည်း။

ထိုခဏကာလ၌ (လ) အဆောင်တို့သည်။ တပြိုင်နက် ကွန့်မြူးထွက်ပေါ်သော။ အရောင်အလင်းတို့ကဲ့သို့။ လှိုင်ဂူ အတွင်း။ ဘပြိုင်နက်ထွန်းလင်း တောက်ပြောင်လျက်။ အ ရောင်ရှက်ကူးပါတည်း၏။

[ရဟန်း။] အရောင်အလင်းကိုတွေ့မြင်ရသောရဟန်းငယ် သည်။ အသွန်လျှင်အံ့ဘွယ်သရဲ။ မဖြစ်ဘူးမြဲဖြစ် သည်ကိုတွေ့မြင်ရပေ၏ဟု။ မိန့်တော်မူ၏။

[နတ်သမီး။] အရောင်အလင်းကိုပြပြီးသော နောက်ကာလ နတ်သမီး လျှောက်ထားသည်မှာ။ အရှင်မြတ် ဘုရားသည်။ မမေ့မလျော့။ ရဟန်းတရားကို။ အားထုတ် ဆောင်ရွက်တော်မူပါဟု လျှောက် ကြား၍။ ရဟန်းငယ်အားနှိုးပြီးလျှင်။ ဘဲသွား လေ၏။ ဤကားသုံးတည်း။

ထုံးပြီး၏။

[မှတ်ချက်] *ညွှန်ပြအင်သော ထုံးကို။ နှလုံးမူကြ
လျှက်။ ဤသုတ်ကို။ ပွါးများ သ
ဇ္ဈာယ်ကြသော၊ လူ,ရှင်အများ၊ ပြည်သူ အခ
ပေါင်းတို့အား၊နတ်တို့သည်ချစ်ကြည်လေးမြတ်
လျှက်၊မပြတ်စောင့်ရှောက်ကြကုန်ရာ သည်သာ
လျှင်တည်း။

[နှိုးဆော်ချက်] †ဤမြန်မာ,နိုင်ငံတော်သည်လည်း။
သာသနာတော် တည်းဟူသော၊
ဂန္ဓမာဒန တောင်ကြီးနှင့် တူစွာ။ ရဟန်းတော်
တည်းဟူသော၊ သင်္ကန်းချောင်တို့ဖြင့်။ တသျှပ်
သျှပ်တောက်ပြောင်လျှက်၊ အလွန်အမင်း တင့်
တယ်ခြင်း တည်းဟူသော။ အသရေကိုဆောင်
လျှက်ရှိပေ၏ ရတနာမြတ်သုံးပါးတို့အား၊ ကိုး
စားလျှက်ရှိကြသော၊တိုင်းနိုင်ငံသူ အပေါင်းတို့
သည်လည်း။ သောတာပတ္တိယင်္ဂတရား လေးပါး
တို့၌။ကောင်းစွာတည်ကြလျှက်၊ အတည်တည်
သောရင်ကွက်,ရွာ,နိဂုမ်း, ဇနပုဒ်, မြို့,ခရိုင် အ

တွင်းဝယ်။ကောင်းမြတ်သော ကြက်သရေမင်္ဂ
လာ။အဖြာဖြာတို့ကို၊ပွါးစေကြလျက်၊ ချမ်းသာ
သုံးပါးကိုးရကြပါစိမ့်သောငှါ၊ {ရန်ကုန်မြို့မ။သ
ရက်တောတိုက်။နှစ်ကျိပ်ရှစ်ဆူကျောင်း၊ ပိဋက
ဋ္ဌာန်၊စာချ,ဦးသူရိယ, အရှင်သူမြတ်သည်။ ပါဠိ
တော်မှ၊အစဉ်ထုပ်နှုင်၍။စာအုပ်ငယ်တခု၊ ပြုရ
တိုက်ဆိုင်ခါ။ဘာသာပြန်ဆိုဖြန့်ချီအပ်သတည်း။

မြတ်စွာဘုရားရှင်-တည်ထားတော်မူခဲ့သော
သာသနာတော်မြတ်ကြီးသည်။
ဟောမဝန္တာ,ဂန္ဓမာဒန,တောင်ကြီးနှင့်
တူကြောင်း။
ဥပမာအလင်္ကာ။

ဓမ္မပုဗ္ဗေဟိ,သုဂန္ဓေ၊
သာသနေ ဂန္ဓမာဒနေ။
သံဃမောရာ,သုဝဏ္ဏာဘာ၊
နစ္စမာနာ,ဝိကူဇရေ။ ။
ဋေတေနသဗ္ဗဝစ္ဆေန၊
ပဟဋ္ဌာ,ဟောန္တု,သာဓဝေါ။ ။

ဘောဂန္ဓာ၊ တိုင်းနိုင်ငံသူ, ရှင်,လူ အပေါင်း။ အိုသူတော်ကောင်းတို့။ဓမ္မပုဗ္ဗေဟိ၊ ထူးဆန်းလှစွာ။ရသာနှစ်ခင်။ရစ်လီသောင်းဆင့်။လေးထောင်စွင့်သည်။ဖူးပွင့်တွေလာပဒေသာတည့်။ ဒေသနာကိုက်ရုံ။ တရားတည်းဟူသော ပန်းအစုံတို့ဖြင့်။သုဂန္ဓေ၊ထုံပျံ့ပျံ့ကြူ။နံ့လှူလျှက်၊ရှိုက်ရှု။

လေညှင်း။ တလှိုင်လှိုင် ကြိုင်သင်း၍ နေသော။
သာသသနေ-ဂန္ဓမာဓနေ၊ ဟောဂနိုင်။ နံ့သာမြိုင်ဟု၊
ငုံခိုင်မာလာ။ခက်ညွန့်ဖြာသည့်။ သာသနာ,တွင်
ခေါ်၊ဂန္ဓမာဒနတောင်ကြီးပေါ်၌။ သုငဏ္ဍာဘာသာ၊
ပါးပါးလှပ်လှပ်။ ရွှေပြားခဝ်သကဲ့သို့။ မြင့်မြတ်
ထွတ်ခေါင်။ သကျန်း ရောင်ဖြင့်၊ ပြောင်ပြောင်
လင်းဘိ။ရွှေသွေးရောင်အဆင်း ရှိကြကုန်သော။
သံဃမှောရာ၊ အသက်အသွင်။ ကျင့်ဝတ် ခင်
သည့်။ အရှင်မွန့် အရှင်ကောင်း၊ သံဃာတော်
တည်းဟူသော။ ရွှေဥဒ္ဒါင်းတို့သည်။ နစ္စမာနာ၊
သီသအာဒိ-သမာဓိဗဟို။ပညာဗိုလ်အဆုံး။ ဝသီ
ထုံးဖြင့်။ ရှင်ပြုံးမြုံးကြွ။မိုးဆံပွလျှက်။ က,သည့်
အသွင်၊ အဘိညာဉ်ဖြင့်၊ ကောင်းကင်ပျံသွား။
ပျာန်ကစားကြ ကုန်လျက်။ ဝိကူဇရေ၊နှစ်သက်
ဖွာဘိ။ခုသာရှိဆောင်၊ဂိဘ်ဂါသာ။ အဖြာဖြာကို။
သာယာတင်ထူး၊ဥာဏ်ကွန့်မြူး လျက်၊ ရင့်ကြူး
တော်မူကြလေကုန်သတည်း။ ။ဧတေနသစ္စ
ဝဇ္ဇေန၊ဥပမာ,ထုပ်ပြန်၍၊ဟုတ်မှန်စွာ မြွက်ကြား

သည့်၊ ဤဂါထာသစ္စာစကားကြောင့်။ သာဓုဝေါ၊ သောတဓါတ်အိုင်။ သဒ္ဒါပိမ်၍။ ညိမ်ညိမ်ညွတ်နူး။ ဓမ္မါရုံ ဆွတ်ရူးကြကုန်သော၊ သူတော်ကောင်းတို့ သည်။ ပဟဋ္ဌာ၊ စိတ်မှာ ရွှင်ရွှင်။ ကိုယ်တွင်မြေ့ မြေ့။ သုခါရုံကြုံတွေ့လျက်၊ နေ့နှင့်ညည့် ငင်တ ပိုက်။ အချိန်တိုင်းနှစ်ချိုက်၍။ ချမ်းသာသိုက် တူး ပေါ်လျက်။ အထူးပျော် အထူးရွှင်။ အဖူးတွင် တဖန်ပွင့်သလို၊ အရန်သင့်-အရန်သင့်။ ရွှင်လန်း နိုင်ကြကုန်သည်။ ဟောက္ကု၊ တရားရုံပက်၊ အထုံ ဆက်လျက်၊ ဂုဏ်တက်သည်။ ဖြစ်ကြပါစေကုန် သတည်း။ ။

နိဒါန်းပြီး၏။

## မဟာသမယသုတ်ဥယျောဇဉ်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

{က} သတေဟိ ပဉ္စမတ္တေဟိ၊
ဝီတာသဝေဟိ,ကေဝလံ။
ဘိက္ခူဟိ,ဘုပဝံသေဟိ၊
သဗ္ဗာ ဇိနော-ပရိဝုတော။ ။

{ခ} သက္ကေ ကပိလဝတ္ထုသ္မိံ၊
ဆာယာရမ္မေ-မဟာဝနေ။
သမဂ္ဂတော,သဟာသေဟိ၊
စက္ကဝါဠေဟိ,ဒသဟိ။ ။

{ဂ} အာဂမ္မ သန္တိ သိန္နာနံ၊
ဒေဝါနံ-ယမ ဒေသယိ။
အာယုဒီဃကရံ-သဗ္ဗ၊
သမ္မတ္တသာမကံ-ဝရံ။ ။

{ဃ} သုဒ္ဓါဝါသပ္ပဘူတိဟိ၊
ဒေဝေဟိ ပရိနိဗ္ဗုတံ။
သစ္စရောဂဘသုဿာတံ၊
သမယံ တံ ဘဏာမဟေ။ ။

ဧဝံမေသုတံ ဧကံသမယံ၊ ဘဂဝါ သက္ကေသု ဝိဟရတိ။ ကပိလဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ ဒသဟိစ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ ဘိက္ခုသံဃဉ္စ။

အထခေါ စတုန္နံ သုဒ္ဓါဝါသကာယိကာနံ ဒေဝတာနံ ဧတဒဝေါသိ၊ အယံခေါ ဘဂဝါ သက္ကေသု ဝိဟရတိ၊ ကပိလဝတ္ထုသ္မိံ၊ မဟာဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ သဗ္ဗေဟေဝ အရဟန္တေဟိ၊ ဒသဟိစ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိ

ပတိတာ’ပေါသွိ၊ဘဂဝန္တံ,ဒသနာယဘိက္ခု
သံဃဉ္စ၊ ယံနူန မယံပိ ယေနဘဂဝါ တေနုပ
သင်္ကမေယျာမ၊ ဥပသင်္ကမိတွာ၊ ဘဂဝတော
သန္တိကေ ပစ္စေကံ ဂါထံ ဘာသေယျာမာတိ။
အထခေါ တာဒေဝတာ၊သေယျထာပိနာမ,ဗလ
ဝါ ပုရိသော သမိဉ္ဇိတံဝါ ဗာဟံ ပသာရေယျ၊
ပသာရိတံဝါ,ဗာဟံ သမိဉ္ဇေယျ၊ဧဝမေဝ သုဒ္ဓါ
ဝါသေသု ဒေဝေသု အန္တရဟိတာ၊ ဘဂဝ
တော ပုရတော ပါတုရဟေသုံ၊အထခေါ တာ
ဒေဝတာ,ဘဂဝန္တံ အဘိဝါဒေတွာ၊ ဧကမန္တံ
အဋ္ဌံသု၊ဧကမန္တံ ဌိတာခေါ ဧကာဒေဝတာ,ဘ
ဂဝတော သန္တိကေ,ဣမံဂါထံ အဘာသိ။ ။

{က} မဟာသမယောပဝနသ္မိံ၊
ဒေဝကာယာသမာဂတာ။
အာဂတမှာဓမ္မသမယံ၊
ဒက္ခိတာယေအပရာဇိတသံဃန္တိ။ ။

*အထခေါ အပရာ ဒေဝတာ,ဘဂဝတော
သန္တိကေ,ဣမံဂါထံ အဘာသိ။ ။

{ခ} တတြ,ဘိက္ခဝေါ,သမာ ဒဟိံသု၊
စိတ္တမတ္တနော ဥဇုကံ, အကံသု။
သာရထီဝ,နေတ္တာနိ ဂဟေတွာ၊
ဣန္ဒြိယာနိ,ရက္ခန္တိ ပဏ္ဍိတာတိ။ ။

*အထခေါ အပရာဒေဝတာ, ဘဂဝတော
သန္တိကေ,ဣမံဂါထံ အဘာသိ။

{ဂ} ဆေတွာခိလံ, ဆေတွာ ပလိဃံ,၊
ဣန္ဒခီလံ,ဥဟစ္စ,မနေဇာ၊
တေစရန္တိ သုဒ္ဓါ,ဝိမလာ၊
စက္ခုမတာ သုဒန္တာ,သုသုနာဂါတိ။ ။

*အထခေါ အပရာဒေဝတာ, ဘဂဝတော
သန္တိကေ,ဣမံဂါထံ အဘာသိ။ ။

{ဃ} ယေကေစိဗုဒ္ဓံ သရဏံ,ဂတာ သေ၊
န,တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ,မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိတိ။ ။

*အထခေါ,ဘဂဝါ, ဘိက္ခူ, အာမန္တေသိ။
ယေဘုယျေန ဘိက္ခဝေ၊ ဒသသု လောကဓာတူသု

ဒေဝတာ, သန္နိပတိတာ, ဟောန္တိ၊ တထာဂတံ, ဒဿနာယ ဘိက္ခုသံဃဉ္စ၊

*ယေပိ တေ, ဘိက္ခဝေ, အဟေသုံ၊ အတီတမဒ္ဓါနံ, အရဟန္တော, သမ္မာသမ္ဗုဒ္ဓါ, တေသမ္ပိ ဘဂဝန္တာနံ၊ ဧတပရမာယေဝ ဒေဝတာ, သန္နိပတိတာ, အဟေသုံ။ ။သေယျထာပိ မယှံ ဧတရဟိ။

*ယေပိ တေ, ဘိက္ခဝေ ဘဝိဿန္တိ အနာဂတမဒ္ဓါနံ, အရဟန္တော, သမ္မာသမ္ဗုဒ္ဓါ၊ တေသံပိ ဘဂဝန္တာနံ၊ ဧတပရမာယေဝ ဒေဝတာ သန္နိပတိတာ, ဘဝိဿန္တိ။ ၊သေယျထာပိ မယှံ ဧတရဟိ။

အာစိက္ခိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ, နာမာနိ,၊ကိတ္တယိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ, နာမာနိ၊ ဒေသိဿာမိ, ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ။ တံ သုဏာထ, သာဓုကံ, မနသိကရောထ, ဘာသိဿာမီတိ၊ ။ဧဝံ ဘန္တေတိ ခေါ တေဘိက္ခူ ဘဂဝတော, ပစ္စဿောသုံ ဘဂဝါ ဧတဒဝေါစ။ ၊

၁။ သိလောကမနုကဿာမိ၊
ယဇ္ဇ’ဘုမ္မာတဒသိတာ။
ယေသိတာဂိရိဂဗ္ဘရုံ၊
ပဟိတတ္တာ,သမာဟိတာ။ ။

၂။ ပုထူသီဟာဝ,သလ္လီနာ၊
လောမဟံသာဘိသမ္ဘုနော။
ဩဒါတ,မနသံသုဒ္ဓါ၊
ဝိပ္ပသန္နာ,မလာဝိလာ။ ။

၃။ ဘိယျောပဉ္စသတေဉတွာ၊
ဝနေကာပိလဝတ္ထဝေ။
တတော အာမန္တယီသတ္ထာ၊
သာဝကေသာသနေရတေ။ ။

၄။ ဒေဝကာယာ,အဘိက္ကန္တာ၊
တေဝိဇာနာထဘိက္ခဝေါ။
တေစအာတပ္ပမကရုံ၊
သုတွာဗုဒ္ဓဿ,သာသနံ။ ။

၅။ တေသံပါတုရဟုဉာဏံ၊
အမနုဿာနုဒဿနံ။
အပ္ပေကေသတမန္ဒကျုံ၊
သဟာဿံ အထ,သဏ္ဍရိံ။ ။

၆။ သတံ ဧကေ,သဟာဿာနံ၊
အမနုဿာန မန္ဒသုံ။
အပ္ပေကေနန္တ မန္ဒကျုံ၊
ဒိသာသမ္ဗာ ဖုဋ္ဌာ အဟုံ။ ။

၇။ တဍ္ဎ သမ္ဗုံ အာဘိညာယ၊
ဝဝဋ္ဌိဘွာန စက္ကျမာ။
တတော အာမန္တယိ,သဏ္ဌာ၊
သာဝကေ,သာသနေ ရတေ။ ။

၈။ ဒေဝကာယာ အဘိက္ကန္တာ၊
တေ ဝိဇာနာထ ဘိက္ခဝေါ။
ယေ ဝေါ ဟံ ကိတ္တယိဿာမိ၊
ဂိရာဟိ,အနုပုဗ္ဗသော။ ။

၉။ သတ္တ သဟဿာ,တေယက္ခာ၊
ဘုမ္မာ ကာပိလ ဝတ္ထဝါ။
ဣဒ္ဓိမန္တော,ဇုတိမန္တော,၊,
ဝဏ္ဏဝန္တော,ယသဿိနော။ ။
မောဒမာနာ,အဘိက္ကာမုံ၊
ဘိက္ခူနံ,သမိတိံ ဝနံ။ ။

၁၀။ ဆသဟဿာ,ဟေမဝတာ၊
ယက္ခာ နာနတ္တ ဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။ ။
မောဒမာနာ,အဘိက္ကာမုံ၊
ဘိက္ခူနံ,သမိတိံ ဝနံ။ ။

၁၁။ သာတာဂိရာတိ သဟဿာ၊
ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ,အဘိက္ကာမုံ၊
ဘိက္ခူနံ,သမိတိံ ဝနံ။ ။

၁၂။ ဣစ္စေတော သောဠသသဟဿာ၊
ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော,ဇုတိမန္တော,၊
ဝဏ္ဏဝန္တော,ယသဿိနော။ ။
မောဒမာနာ,အဘိက္ကာမုံ၊
ဘိက္ခူနံ,သမိတိံ ဝနံ။ ။

၁၃။ ဝေဿာ မိတ္တာ,ပဉ္စသတာ၊
ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော,ဇုတိမန္တော,၊
ဝဏ္ဏဝန္တော,ယသဿိနော။
မောဒမာနာ,အဘိက္ကာမုံ၊
ဘိက္ခူနံ,သမိတိံ ဝနံ။ ။

၁၄။ ကုမ္ဘီရော,ရာဇဂဟိကော၊
ဝေပုလ္လဿနိဝေသနံ။
ဘိယျော နံ,သတသဟဿံ။
ယက္ခာနံ,ပယိရုပါသတိ၊
ကုမ္ဘီရော,ရာဇဂဟိကော။
သောပါဂါ သမိတိံ ဝနံ။ ။

၁၅။ ပုရိမဉ္စ ဒိသံ ရာဇာ၊
ဓတရဋ္ဌော ပသာသတိ။
ဂန္ဓဗ္ဗာနံ အဓိပတိ၊
မဟာရာဇာ ယသဿိ သော။

၁၆။ ပုတ္တာပိ တဿ ဗဟဝေါ၊
ဣန္ဒနာမာ မဟာဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။

၁၇။ ဒက္ခိဏဉ္စ ဒိသံ ရာဇာ၊
ဝိရူဠှော တံ ပသာသတိ။
ကုမ္ဘဏ္ဍာနံ အဓိပတိ၊
မဟာရာဇာ ယသဿိ သော။

၁၈။ ပုတ္တာပိ တဿ ဗဟဝေါ၊
ဣန္ဒနာမာ မဟာဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။

မောဒမာနာ,အဘိက္ကာမုံ၊
ဘိက္ခူနံ,သမိတိံ ဝနံ။ ။
၁၉။ ပစ္ဆိမဉ္စ ဒိသံ ရာဇာ၊
ဝိရူပက္ခော ပသာသတိ။
နာဂါနဉ္စ အဓိပတိ၊
မဟာရာဇာ ယသဿိသော။ ။
၂၀။ ပုတ္တာ ပိတဿ ဗဟဝေါ၊
ဣန္ဒနာမာ မဟဗ္ဗလာ။ ။
ဣဒ္ဓိမန္တော,ဇုတိမန္တော၊
ဝဏ္ဏဝန္တော,ယသဿိနော။
မောဒမာနာ,အဘိက္ကာမုံ။
ဘိက္ခူနံ,သမိတိံ ဝနံ။ ။
၂၁။ ဥတ္တရဉ္စ ဒိသံ ရာဇာ၊
ကုဝေရော တံ ပသာသတိ၊
ယက္ခာနဉ္စ အဓိပတိ၊
မဟာရာဇာ ယသဿိသော။ ။
၂၂။ ပုတ္တာ ပိတဿ ဗဟဝေါ၊
ဣန္ဒနာမာ မဟဗ္ဗလာ။ ။

ဣဒ္ဓိမန္တော, ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။ ။
မောဒမာနာ, အဘိက္ကာမုံ၊
ဘိက္ခူနံ, သမိတိံ ဝနံ။ ။

၂၃။ ပုရိမံ ဒိသံ ဓတရဋ္ဌော၊
ဒက္ခိဏေန ဝိရူဠှကော။ ။
ပစ္ဆိမေန ဝိရူပက္ခော၊
ကုဝေရော ဥတ္တရံ ဒိသံ။ ။

၂၄။ စတ္တာရော တေ မဟာရာဇာ၊
သမန္တာ, စတုရော ဒိသာ။ ။
ဒဒ္ဒလ္လမာနာ, အဋ္ဌံသု၊
ဝနေ ကာပိလဝတ္ထဝေ။ ။

၂၅။ တေသံ မာယာဝိနော ဒါသာ၊
အာဂုံ ဝဉ္စနိကာ သဌာ။ ။
မာယာ, ကုဋေဏ္ဍု, ဝိဋေဏ္ဍု၊
ဝိဋုစ္စ, ဝိဋုဋော, သဟ။ ။

၂၆။ စန္ဒနော, ကာမ, သေဋ္ဌော စ၊
ကိန္နိဃဏ္ဍု နိဃဏ္ဍု စ။ ။

ပနာဒေါ,ဩပ မညော စ၊
ဒေဝသုတော စ,မာတလိ။ ။
၂၇။ စိတ္တသေနော စ,ဂန္ဓဗ္ဗော၊
နဠော ရာဇာ,ဇနေသဘော။ ။
အာဂုံ,ပဉ္စသိခေါ စေဝ၊
တိမ္ဗရူ,သူရိယဝစ္စသာ။ ။
၂၈။ ဧတေ စညေ စ,ရာဇာနော၊
ဂန္ဓဗ္ဗာ သဟ ရာဇုဘိ။ ။
မောဒမာနာ,အဘိက္ကာမုံ၊
ဘိက္ခူနံ,သမိတိံ ဝနံ။ ။
၂၉။ အထာဂုံ နာဂသာ နာဂါ။
ဝေသာလာ သဟတစ္ဆကာ၊ ။
ကမ္ဗလဿ,တရာ အာဂုံ၊
ပါယာဂါ,သဟ ဉာတိဘိ။ ။
၃၀။ ယာမုနာ,ဓတရဋ္ဌာ စ၊
အာဂုံ,နာဂါ ယသဿိနော။ ။
ဧရာဝဏော မဟာနာဂေါ၊
သောပါဂါ သမိတိံ ဝနံ။ ။

၃၁။ ယေနာဂရာဇေ သဟသာ ဟရန္တိ၊
ဒိဗ္ဗာ,ဒိဇာ,ပက္ခိ ဝိသုဒ္ဓ,စက္ခူ။
ဝေဟာယသာ တေ ဝန မဇ္ဈ ပတ္တာ။
စိတြာ သုပဏ္ဏာ ဣတိ တေသံနာမံ။ ။

၃၂။ အဘယံ,တဒါ နာဂရာဇာန,မာသိ။
သုပဏ္ဏတော,ခေမမကာသိ,ဗုဒ္ဓေါ၊
သဏှာဟိ,ဝါစာဟိ,ဥပဝှယန္တာ။
နာဂါ,သုပဏ္ဏာ,သရဏမကံသု,ဗုဒ္ဓံ။

၃၃။ ဇိတာ,ဝဇိရဟတ္ထေန၊
သမုဒ္ဒံအသုရာသိတာ။ ။
ဘာတရော,ဝါသဝဿေတေ၊
ဣဒ္ဓိမန္တော ယသဿိနော။ ။

၃၄။ ကာလကဉ္စာ မဟာဘိသ္မာ၊
အသုရာ,ဒါနဝေဃသာ။
ဝေပစိတ္တိ,သုစိတ္တိစ၊
ပဟာရာဒေါ နမုစိသဟ။ ။

၃၅။ သတဉ္စ ဗလိပုတ္တာနံ၊
သဗ္ဗေဝေရောစ နာမကာ။ ။

သန္နယှိတွာ ဗလိသေနံ၊
ရာဟု ဘဒ္ဒ မုပါဂမုံ။ ။
သမယော ဒါနိ ဘဒ္ဒန္တေ၊
ဘိက္ခူနံ,သမိတိံ ဝနံ။ ။
၃၆။ အာပေါစ,ဒေဝါ ပထဝီ၊
တေဇော ဝါယော တဒါဂမုံ၊
ဝရုဏာ,ဝါရုဏာ,ဒေဝါ၊
သောမောစ,ယသ သာ သဟာ။
၃၇။ မေတ္တာ,ကရုဏာ,ကာယိကာ၊
အာဂုံ ဒေဝါ ယသသိနော။ ။
ဒသေတေ ဒသဓါ ကာယာ၊
သဗ္ဗေ နာနတ္တဝဏ္ဏိနော။ ။
၃၈။ ဣဒ္ဓိမန္တော,ဇုတိမန္တော၊
ဝဏ္ဏဝန္တော,ယသသိနော၊
မောဒမာနာ,အဘိက္ကာမုံ၊
ဘိက္ခူနံ,သမိတိံ ဝနံ။ ။
၃၉။ ဝေဏ္ဍုဒေဝါ သဟလိစ၊
အသမာစ ဒုဝေ,ယမာ။ ။

စန္ဒဿုပနိသာဒေဝါ၊
စန္ဒမာဂုံ,ပုရက္ခိတွာ။ ။
၄၀။ သူရိယဿုပနိသာဒေဝါ၊
သူရိယမာဂုံ,ပုရက္ခိတွာ။ ။
နက္ခတ္တာနိပုရက္ခိတွာ၊
အာဂုံ,မန္ဒဝလာဟကာ။ ။
၄၁။ ဝသူနံ ဝါသဝေါ သေဋ္ဌော၊
သက္ကောပါဂါ ပုရိန္ဒဒေါ။
ဒသေတေ ဒသဓာ ကာယာ၊
သဗ္ဗေ နာနတ္တဝဏ္ဏိနော။ ။
၄၂။ ဣဒ္ဓိမန္တော,ဇုတိမန္တော၊
ဝဏ္ဏဝန္တော,ယသဿိနော။ ။
မောဒမာနာ,အဘိက္ကာမုံ၊
ဘိက္ခူနံ,သမိတိံ ဝနံ။ ။
၄၃၊ အထာဂုံ,သဟာဘူဒေဝါ၊
ဇလ မဂ္ဂိသိ ခါရိဝ။ ။
အရိဋ္ဌကာစ,ရောဇာစ,၊
ဥမ္မာပုပ္ဖနိ ဘာသိနော၊ ။

၄၄။ ဝရုဏာ,သဟဓမ္မာစ၊
အစ္စုတာစ အနေဇကာ။ ။
သုလေယျ,ရုစိရာ အာဂုံ၊
အာဂုံ,ဝါသ,ဝနေသိနော။ ။

၄၅။ ဒသေတေ,ဒသဓာ,ကာယာ၊
သဗ္ဗေ နာနတ္တ ဝဏ္ဏိနော။ ။
ဣဒ္ဓိမန္တော,ဇုတိမန္တော၊
ဝဏ္ဏဝန္တော,ယသဿိနော၊ ။
မောဒမာနာ, အဘိက္ကာမုံ၊
ဘိက္ခူနံ,သမိတိံ ဝနံ။ ။

၄၆။ သမာနာ,မဟာသမာနာ၊
မာနုသာ,မာနုသုတ္တမာ၊ ။
ခိဍ္ဍာပဒေါသိကာ,အာဂုံ၊
အာဂုံမနော ပဒေါသိကာ။ ။

၄၇။ အထာဂုံ ဟရယော ဒေဝါ၊
ယေစ,လောဟိတဝါသိနော။ ။
ပါရဂါ,မဟာပါရဂါ၊
အာဂုံ ဒေဝါ ယသဿိနော။

၄၈။ ဒသေတေ ဒသဓာ ကာယာ၊
သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော, ဇုတိမန္တော၊
ဝဏ္ဏဝန္တော, ယသဿိနော။
မောဒမာနာ, အဘိက္ကာမုံ၊
ဘိက္ခူနံ, သမိတိံ ဝနံ။ ။

၄၉။ သုက္ကာ, ကရမ္ဘာ, အရုဏာ၊
အာဂူ, ဝေဃနသာ, သဟ၊ ။
ဩဒါတဂယှာ ပါမောက္ခာ၊
အာဂူ ဒေဝါ ဝိစက္ခဏာ။ ။

၅၀။ သဒါ,မတ္တာ,ဟာရဂဇာ၊
မိဿကာစ, ယသဿိနော။ ။
ထနယံ အာဂ ပဇ္ဇုန္နော၊
ယောဒိသာ အဘိဝဿတိ။ ။

၅၁။ ဒသေတေ ဒသဓာ,ကာယာ၊
သဗ္ဗေ နာနတ္တဝဏ္ဏိနော။ ။
ဣဒ္ဓိမန္တော,ဇုတိမန္တော၊
ဝဏ္ဏဝန္တော,ယသဿိနော။ ။

မောဒမာနာ, အဘိက္ကာမုံ၊
ဘိက္ခုနံ, သမိတိံ ဝနံ။

၅၂။ ခေမိယာ, တုသိတာ, ယာမာ၊
ကဋ္ဌကာ စ, ယသဿိနော။
လမ္ဗီတကာ, လာမသေဋ္ဌာ၊
ဇောတိနာမာ စ, အာသဝါ။
နိမ္မာနရတိနော, အာဂုံ၊
အထာဂုံ, ပရနိမ္မိတာ။

၅၃။ ဒသေတေ, ဒသဓာ, ကာယာ၊
သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော, ဇုတိမန္တော၊
ဝဏ္ဏဝန္တော, ယသဿိနော။
မောဒမာနာ, အဘိက္ကာမုံ၊
ဘိက္ခူနံ, သမိတိံ ဝနံ။

၅၄။ သဋ္ဌေတေ, ဒေဝနိကာယာ၊
သဗ္ဗေ နာနတ္တဝဏ္ဏိနော။
နာမန္ဝယေန, အာဂစ္ဆုံ၊
ယေ စညေ သဒိသာ, သဟ၊

၅၅။ ပဂုဏ္ဏ ဇာတိ မနိလံ၊
ဩဘာသတိဏ္ဍ မနုဿာသံ။ ။
ဒက္ခ,မောဃတရံ,နာဂံ၊
ဝန္ဒံ ဝ အာသိတာတိဂံ။ ။
၅၆။ သုဗြဟ္မာ,ပရမတ္တော စ၊
ပုတ္တာ ဣဒ္ဓိမတော,သဟ။ ။
သနင်္ကုမာရော,တိဿော စ၊
သောပါဂ,သမိတိံ ဝနံ။ ။
၅၇။ သဟဿံ ဗြဟ္မလောကာနံ၊
မဟာဗြဟ္မာ,ဘိ တိဋ္ဌတိ။ ။
ဥပပန္နော,ဇုတိမန္တော၊
ဘိသ္မာကာယော,ယသဿိသော။ ။
၅၈။ ဒသေတ္ထ ဣဿရာ အာဂုံ၊
ပစ္စေက ဝသဝတ္တိနော။ ။
တေသဉ္စ မဇ္ဈတော အာဂ။
ဟာရိတော,ပရိဝါရိတော။ ။
၅၉။ တေ စ သဗ္ဗေ အဘိက္ကန္တေ။
သဣန္ဒေ ဒေဝေ,သဗြဟ္မကေ၊ ။

မာရသေနာ,အဘိက္ကာမုံ၊
ပဿ,ကဏှဿ,မန္ဒိယံ။ ။
၆၀။ ဧထ,ဂဏှထ,ဗန္ဓထ၊
ရာဂေန,ဗန္ဓမတ္ထုဝေါ။ ။
သမန္တာ,ပရိဝါရေထ၊
မာ,ဝေါ မုစ္စိတ္ထ,ကောစိ,နံ။ ။
၆၁။ ဣတိ တတ္ထ မဟာသေနော၊
ကဏှော,သေနံ,အပေသယိ။ ။
ပါဏိနာ,တလ,မာဟစ္စ၊
သရံ,ကတွာန,ဘေရဝံ။ ။
၆၂။ ယထာ,ပါဝုဿကော,မေဃော၊
ထနယန္တော,သဝိဇ္ဇုကော။ ။
တဒါ,သော,ပဗ္ဗုဒါဝတ္တိ၊
သံကုဒ္ဓေါ,အသယံ ဝသော။ ။
၆၃။ တဥ္စ သဗ္ဗံ အဘိညာယ၊
ဝဝတ္ထိတွာန,စက္ခုမာ။ ။
တတော အာမန္တယိ,သတ္ထာ၊
သာဝကေ,သာသနေ,ရတေ။ ။

၄၄။ မာရသေနာ, အဘိက္ကန္တာ
တေဝိဇာနာထ ဘိက္ခဝေါ။ ။
တေ, စ အာတပ္ပ, မကရုံ၊
သုတွာ, ဗုဒ္ဓဿ သာသနံ။ ။
ဝီတရာဂေဟိ, ပက္ကာမုံ။
နေသံ, လောမံပိ, ဣဉ္ဇယုံ။ ။
၄၅။ သဗ္ဗေ ဝိဇိတသင်္ဂါမာ၊
ဘယာတီတာ, ယသဿိနော။ ။
မောဒန္တိ, သဟဘူတေဟိ,
သာဝကာ, တေ ဇနေ သုတာ·တိ။
{ မဟာသမယသုတ္တံ သတ္တမံ }

{ ဟောဝဋ္ဋ }
မဟာသမယသုတ်ပါဠိတော်ပြီး၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

{က} သတေဟိ ပဉ္စမတ္တေဟိ၊
ခီဏာသဝေဟိ,ကေဝလံ။
ဘိက္ခူဟိ,ဘုပဝံသေဟိ၊
သတ္ထာ ဇိနော-ပရိဝုတော။ ။

{ခ} သက္ကျေ ကပိလဝတ္ထုသ္မိံ၊
ဆာယာရမ္မေ-မဟာဝနေ။
သမန္တတော,သဟဿေဟိ၊
စက္ကဝါဠေဟိ,ဒသဟိ။ ။

{ဂ} အာဂမ္မ သန္နိ သိန္နာနံ၊
ဒေဝါနံ ယမ ဒေသယိ။
အာယုဒီဃကရံ-သဗ္ဗ၊
သမ္ဗုဒ္ဓသာဓကံ-ဝရံ။ ။

{၈၁} သုဒ္ဓါဝါသပဗ္ဗတူတိဟိ၊
ဒေဝေဟိ ပရိနန္ဒိတံ၊
သဗ္ဗရောဂဘယာသုဿာတံ၊
သမယံ တံ ဘဏာမဟေ။ ။

ကောဝလံဘုပဝံသေဟိ၊ တပါးသောအမျိုးတို့နှင့်မရောမယှက်၊ သက်သက် သာကီဝင်မင်းမျိုးမင်းနွယ်ချည်းဖြစ်ကုန်သော။ ကောဝလံ-ခိဏာသဝေဟိ၊ ပုထုဇဉ်-သေက္ခမဘက်။ ရဟန္တာချည်းသက်သက်ဖြစ်ကြကုန်သော၊ ပဥ္စမတ္တေဟိသတေဟိ ဘိက္ခူဟိ၊ ငါးရာအတိုင်းအရှည် ရှိကုန်သောရဟန်းမြတ်တို့သည်။ ပရိဝုတော၊ ထက်ဝန်းကျင်ခြံရံအပ်သော။ ဖိနေ၊ ဒေဝပုတ္တ စသည်များခြင်း။ မာရ်ငါးအင်ကို၊ အောင်မြင်တော်မူပြီးသော။ သတ္ထာ၊ လောကသားလုံး။ ညွှတ်ရုံးပူဇော်ရာ ဖြစ်တော်မူပါသော။ မြတ်စွာဘုရား သခင်သည်၊ သက္ကေ- ကပိလဝတ္ထုသို့၊ သက္ကတိုင်း- ကပိလဝတ်နေပြည်တော်၌။ သာယာရမ္မေ၊ အရိပ်ရေတို့

နှင့်ပြည့်စုံသည်ဖြစ်၍။ နှလုံးမွေ့လျော်ဘွယ် ရှိသော၊မဟာဝနေ၊ပန်းမျိုးစုံ၊ မဟာဝုန်၌၊ ဝိဟာရေဋ္ဌာ၊ ရွှေလမင်းကြီး သဘွယ်။ တင့်တယ်စွာ စံပယ်တော်မူလျက်။ သမန္တတော- ဒသဟိ- သဟသေဿဟိ-စက္ကဝါဠေဟိ၊ပတ်လည်ဝန်းကျင် တသောင်းသောစကြာဝဠာတိုက်အပြင်မှ။ အာဂမ္မ၊အညီအညာ စည်းဝေးလာကြကုန်၍၊ သန္နိသိန္နာနံ၊ ကောင်းကင်ပြင်ဝယ်။ နက္ခတ်ကြယ်တို့၏။တင့်တယ်လေရာ။ကဲ့ပမာသို့၊ မဟာသမယ, ပျုပျုညီညာ။စည်းဝေးလာကြကုန်သော၊ဒေဝါနံ၊ တသောင်းတိုက်နေ၊သင်္ချေများစွာနတ်,ဗြဟ္မာတို့အား၊ ယံ-သမယံ၊အကြင် မဟာသမယ,သုတ်တော်မြွက်ကို။ အဒေသယိ၊ ခံတွင်းတော် ရွှေကြုတ်မှ၊ပွင့်ထုတ်ဟောမြွက်တော်မူလေပြီ။ ။

ဆာယုဒ္ဓိဥဇကရံ၊အသက်ဇီဝိတ်ရှည်မြင့်ခြင်းကိုပြုတတ်သော။သဗ္ဗသမ္ပတ္တိသာဓကံ၊ခပ်သိမ်းသောစီးပွါးချမ်းသာ၊ မင်္ဂလာအတွေ့တွေ့။ ဘုန်းကြက်ရေ အပေါင်းကို ပြီးစေတတ်သော။ ဝရံ၊

နှိတ်နှင့်တကွဇသာလျှအပေါင်းတို့သည်၊ တောင်
ထအပ် ဖြတ်ထသော။ သုဒ္ဓါဝါသ ပွဘူတိပ်ီ၊
သုဒ္ဓါဂါသမဟာ ဗြဟ္မာ ဆ ရှိကုန်သော။ ဒေဝေဟိ
တသောင်းစကြာဝဠာ စည်းဝေးလာသည့်၊ နတ်
ဗြဟ္မာအပေါင်းတို့သည်။ ပဒိုနန္ဒီတံ၊ နူဝဲ တောင်
ငြိမ်းချမ်းမိန့်မြွက်တော်မူအပ်သောကြောင့်၊ စင်စစ်
နှစ်သက်အပ်ထသော။ သဗ္ဗရောဂ ဘယုဿာတံ၊
ခပ်သိမ်းသော ဘေး အန္တရာယ် အပေါင်းကို။
လွယ်ကူစွာဖျက်ဆီးတတ်ထသော၊ တံသမယံ၊
ထိုမဟာသမယသုတ်တော်မြတ်ကို။ မယံ၊ အညီ
အညာ စီးဝေးလာကြသည့် အကျွန်ုပ်တို့သည်၊
ဘဏာမဟေ၊ မေတ္တာ ရှေ့သွား၊ အာရုံထား၍။
ရွတ်ပွါးကြပါကုန်အံ့။ ။ဘဏာမဟေ၊ ခွန်းမြိုင်
သံသင်၊ ပဲ တင်ထင်အောင်၊ ရွတ်ဘတ်သရဇ္ဈာယ်
ကြပါကုန်ဗို့၊ ။

## မဟာသမယသုတ်,ဘာသာပြန်။

ဘပါးသော အမျိုးတို့နှင့် မယောမသျှက်။
သက်သက် သာကီဝင်မင်းမျိုးမင်းနွယ်ကြီးဖြစ်
ကြကုန်သော။ပုထုဇဉ်သေက္ခမဘက်၊ရဟန္တာ
ချည်း သက်သက် ဖြစ်ကြကုန်သော။ ငါးရာအ
တိုင်းအရှည်ရှိကုန်သောရဟန်းတို့သည်။ ထက်
ဝန်းကျင်ခြံရံအစ်သော။မာရ်ငါးပါးကို အောင်
တော် မူပြီးသော၊ မြတ်စွာဘုရားသည်။ သက္က
တိုင်း၊ကပိလဝတ်ပြည်၌။ အရိပ်ရေတို့နှင့် ပြည့်စုံ
သည်ဖြစ်၍။နှလုံးမွေ့လျော်ဘွယ်ရှိသော။ မဟာ
ဝုန်တော၌၊နေတော်မူလျက်။ပတ်လည်ဝန်းကျင်
တသောင်းသောစကြာဝဠာတိုက်တို့မှ လာကုန်
၍၊အညီအညွတ်စည်းဝေး၍ နေကုန်သော။ နတ်
ဗြဟ္မာတို့အား။ အကြင် မဟာသမယသုတ်ကို၊
ဟောတော်မူပြီ၊ ။အသက်ရှည်ခြင်းကို ပြုတတ်
သော၊ခဝ်သိမ်းသောစီးပွါးချမ်းသာ။ဘုန်းကြက်
သရေကို ပြီးစေ တတ်သော၊ တောင့်တ အစ်

ကောင်းမြတ်သော။သုဒ္ဓါဝါသဗြဟ္မာစသောနတ် ဗြဟ္မာတို့သည်။ နှစ်သက်အပ်ထသော၊ခဝ်သိမ်း သော ရောဂါ-ဘေးအန္တရာယ်တို့ကို၊ ပျက်ဆီး သော။ ထိုမဟာသမယ သုတ်တော်ကို၊ ငါတို့ သည်၊သံပြိုင်ညီညာရွတ်ဆိုကြကုန်အံ့။ ။

(ဘဂဝတ်) မြတ်စွာဘုရားသည်။ပရိနိဗ္ဗာန် ယူတော်မူပြီးသော်။ ကာလအားဖြင့် (လေးလ) အလွန်ရှိသောကာလဝယ်၊ ရာဇဂြိုဟ် ပြည်နှယ် ဝေဘာရတောင်ယံ။စရီးပင်ရောက်ရာ လှိုင်ဝ၌။ အဇာတသတ်မင်းကြီးသည်၊ ဆောက်လုပ်စီမံ အပ်သော၊မဂ်သာမဟာမဏ္ဍပ်ကြီး၌၊ ဓမ္မာသန ပလ္လင်။ဆင်စွယ်ဖြင့် ပြီးသောယပ်။ အထဝ်ထပ် သောခြူးပန်းခြူးနွယ်။ လွန်တင့်တယ်သော။ မ ဟာရဟာနေရာတော်မြတ်၌။အရှင်မဟာကဿ ပထေရ်-အမှူးရှိသော၊ရဟန္တာငါးရာအပေါင်း တို့သည်၊ ပဌမ-မဟာသင်္ဂါယနာ တင်တော်မူ သောအခါ၌၊ အရှင်မဟာကဿပသည်၊ငါ့ရှင်

အာနန္ဒာ။ ဤမဟာသမယသုတ်ကို။ အဘယ်မည်
သောကာလ၊ အဘယ်မည်သော အရပ်၌။ အ
ဘယ်အကြောင်းကြောင့်။ အဘယ်ပုဂ္ဂိုလ်ကို အ
ကြောင်းပြု၍။ မြတ်စွာဘုရားသည်၊ ဟောတော်
မူအပ်ပါသနည်း။ ဤသို့ မေးတော်မူအပ်သည်ရှိ
သော်၊ ၊အရှင်မဟာကဿပ၊ ဤမဟာသမယ
သုတ်ကို။ ယခုဆိုသတံ့သည်အတိုင်း၊ အကျွန်ုပ်
အာနန္ဒာသည်၊ မြတ်စွာဘုရား၏ မျက်မှောက်
တော်မှ တခုသောအခြင်းအရာဖြင့်၊ ကြားလိုက်
ရ။ မှတ်လိုက်ရ။ ဆောင်လိုက်ရပါ၏၊

တရံခါအခါ၌။ ဘုန်းတော်ကြီးသော မြတ်
စွာဘုရားသည်။ သက္ကတိုင်း။ ကပိလဝတ်ပြည်၊
မဟာဝန် တောကြီး၌။ များစွာသော ရဟန်းအ
ပေါင်းနှင့်၊ အားလုံးကုန်၊ ရဟန္တာချည်း ဖြစ်ကုန်
သော၊ ငါးရာအဘိုင်းအရှည်ရှိကုန်သော။ ရဟန်း
တို့နှင့်တကွ။ နေထိုင်သီတင်းသုံး မွေ့လျော်တော်
မူသတည်း၊

တသောင်းသောစကြာဝဠာတိုက်တို့မှ။ နတ်

ပြဟ္မာ အပေါင်း တို့သည်။ မြတ်စွာဘုရားကို
လည်းကောင်း။ ရဟန္တာ ငါးရာ အပေါင်းကို
လည်းကောင်း။ဘူးမြွှာခြင်း၅ါ။ များသောအား
ဖြင့် စည်းဝေးလာရောက်ကြကုန်၏၊ ။ထိုစည်း
ဝေးသောအခါသမယ၌။သုဒ္ဓါဝါသဘုံ၌ နေကုန်
သော၊ပြဟ္မာကြီး လေးယောက်တို့အား။ ဤသို့
သောအကြံသည်ဖြစ်၏။ အဘယ်သို့အကြံ ဖြစ်
သနည်းဟူမူ၊

ဤ-မြတ်စွာဘုရားသည်။သက္ကတိုင်း။ကပိလ
ဝတ်ပြည်။မဟာဝုန်တော၌၊ဂုဏ်အားဖြင့် မြတ်
သောရဟန်းသံဃာနှင့်။ အလုံးစုံ ရဟန္တာချည်း
ဖြစ်ကုန်သော။ ငါးရာ အတိုင်းအရှည် ရှိသော။
ရဟန်းတို့နှင့်တကွ၊ နေတော်မူ၏၊ တသောင်း
သောစကြာဝဠာတို့မှလည်း၊ နတ်ပြဟ္မာတို့သည်
မြတ်စွာဘုရားကို၎င်း။ရဟန္တာငါးရာ အပေါင်း
ကို၎င်း ဘူးမြွှာခြင်း၅ါများသောအားဖြင့်၊စည်း
ဝေးလာကုန်၏။ ။ငါတို့သည်လည်း။ အကြင်အ
ရပ်၌၊မြတ်စွာဘုရားသည်ရှိ၏။ထိုဘုရားရှိရာ အ

ရပ်သို့။ချဉ်းကပ်ရမှုကား။ ကောင်းလေစွ။ ချဉ်း
ကပ်ပြီး၍။ ဘုရားအထံတော်၌၊ အသိး-အသိး
ဂါထာကိုသီကုံး၍။ လျှောက်ထားကြရမှုကား။
ကောင်းလေစွ။ဤသို့အကြံဖြစ်၏၊ယင်းသို့ ကြံပြီး
သည်၏အခြားမဲ့၌။ထိုဗြဟ္မာကြီး လေးယောက်
တို့သည်။ ၊ဥပမာ။ ၊အားကြီးသောယောက်ျား
သည်။ကွေးအပ်သော မောင်းကို-ဆန့်သကဲ့သို့။
ဆန့်သော မောင်းကို-ကွေးသကဲ့သို့။ ဤဥပမာ
အတူ၊သုဒ္ဓါဝါသဗြဟ္မာဘုံ၌ ကွယ်ခဲ့ကုန်၍၊မြတ်
စွာဘုရား၏ရှေ့တော်၌၊ထင်ရှား ဖြစ်လာကုန်ပြီ၊
ထိုအခါ၊ထိုဗြဟ္မာကြီး လေးယောက်တို့သည်၊
မြတ်စွာဘုရားကို၊ရှိခိုးကုန်ပြီး၍။တင့်အင်လျှံ
ပတ်သောအရပ်၌ ရပ်ကြကုန်၏၊ လျှောက်ပတ်
သောအရပ်၌တနေ့ရပ်ပြီးသော။ ဗြဟ္မာကြီး တ
ယောက်သည်။ မြတ်စွာဘုရား ထံတော်ပါး၌၊
(မဟာသမယော ပဝနသ္မိံ)ဟူသော ဂါထာကို၊
ကြူးသီလျှောက်ကြားသတည်း၊

ကပိလဝတ်ပြည်၏အနီးဖြစ်သော။မဟာဝုန်

တောကြီး၌၊ အစည်းအဝေးကြီးပါတကား၊ နတ်ပြဟ္မာအပေါင်းတို့သည်၊ အညီအညွတ် စည်းဝေးလာရောက်ကုန်၍၊ မြတ်စွာဘုရား-အကျွန်ုပ်တို့သည်၊ ရန်သူတို့သည် မနောင့်ယှက်နိုင်ကုန်သည်ဖြစ်၍၊ ယနေ့ပင်ဆောင်အင်ပြီးသော၊ မာရ်သုံးပါးရှိသော၊ ရဟန္တာငါးရာအပေါင်းကို ဘူးမြော်ခြင်းငှါ၊ ဤမြတ်သော နတ်ပြဟ္မာအစည်းအဝေးသို့၊ လာရောက်သည်ဖြစ်ကြပါကုန်၏။

ထိုပြဟ္မာ၏ အခြားမဲ့၌၊ တောင်စကြာဝဠာနခမ်းဝ၌၊ သက်ဆင်းသော ပြဟ္မာတယောက်က၊ မြတ်စွာဘုရား၏ အထံတော်၌၊ (တတြဘိက္ခဝေါ) ဟူသော ဤဂါထာကို၊ ကြူးသည်ချောက်ကြားသတည်း၊

ထို အစည်းအဝေးကြီး၌၊ ရဟန္တာငါးရာတို့သည်၊ တည်ကြည်ကုန်၍၊ မိမိတို့၏စိတ်ကိုဖြောင့်ဖြောင့်ပြုကုန်၍၊ ရထားထိန်းသည်၊ မြင်းတို့သည် မယုတ်မလွန် အညီအမျှ ဖြစ်ကုန် လင်သော်၊ ကြိုးတို့ကိုကိုင်၍မမောင်းပါဘဲ၊ မတားမြစ်ပါဘဲ

လျှစ်လျူရှု၍ တည်သကဲ့သို့၊ ထို့အတူ-အာရုံခြောက်ပါး၌၊ လျစ်လျူ ရှုအင်သော၊ ဆဋင်္ဂုပေက္ခာနှင့် ပြည့်စုံကုန်သော၊ လုံခြုံသော ဒွါရခြောက်ပါး ရှိကုန်သော၊ ပညာရှိကုန်သော၊ ရဟန္တာငါးရာ တို့သည်၊ ဣန္ဒြေခြောက်ပါးတို့ကို၊ စောင့်ရှောက်ကုန်၏။ မြတ်စွာဘုရား၊ ဤရဟန္တာငါးရာတို့ကိုအားမြှောက်ခြင်းငှါ၊ အကျွန်ုပ်တို့သည်၊ ဤအရပ်သို့လာကြပါကုန်၏၊

ထို-ဒုတိယဗြဟ္မာ၏ အခြားမဲ့၌၊ အနောက်စကြာဝဠာနှုခမ်းဝ၌၊ သက်ဆင်းသော ဗြဟ္မာတယောက်သည်၊ မြတ်စွာဘုရား၏ အထံတော်၌၊ (ဆေတွာ ခိလံ) ဟူသော ဂါထာကို၊ ကြူးသီကျွောက်ကြားသတည်း၊

ရာဂ-ဒေါသ-မောဟတည်းဟူသော၊ ငြောင့်တသင်းကို ဖြတ်ကုန်၍၊ ရာဂ-ဒေါသ-မောဟတည်းဟူသော၊ ရက်ဖေါက်မင်းတံုးကိုပယ်ကုန်၍၊ ရာဂ,ဒေါသ,မောဟတည်းဟူသောတုရိုဏ်းတိုင်ကိုနုတ်ကုန်၍၊ တဏှာမရှိကုန်သော၊ ကိလေ

သာမရှိသည်ဖြစ်၍။ငင်ကြွယ်ကုန်သော၊ကိလေသာအဖြစ်အကြေးမရှိကုန်သော၊စက္ကုငါးပါးနှင့်ပြည့်စုံတော်မူသော။ မြတ်စွာဘုရားကြောင့်၊အလွန်ယဉ်ကြေးကုန်သော။ထိုရဟန္တာငါးရာတို့သည်။ အရပ်လေးမျက်နှာတို့၌၊ အပိတ်-အပင်-အဆီး အတား မရှိကုန်သည်ဖြစ်၍။ သွားလာလှည့်ပတ်ကုန်၏။ မြတ်စွာဘုရား။ ဤရဟန္တာငါးရာတို့ကို၊ ဘုန်းမြှော်ခြင်းငှါ။ အကျွန်ုပ်တို့သည်၊ဤအရပ်သို့။လာရောက်ကြပါကုန်၏။

မှတ်ချက်။ နံရံ၌ဖြစ်စေ၊မြေ၌ဖြစ်စေ၊ရိုက်နှက်စိုက်ထားအပ်သော။ ပြောင့်တသင်းကို၊နုတ်ခြင်းငှါ၊ခဲယဉ်းသကဲ့သို့။ရာဂဒေါသမောဟတရား ခုပါးတို့သည်လည်း၊ သဗ္ဗဝါသန္တာန်မှာ၊ နုတ်ခြင်းငှါခဲယဉ်းသောကြောင့်။ ပြောင့်တသင်းနှင့် တူသည်၊ ရက်ပေါက်-မင်းတုံးတို့သည်။ မြို့သို့ဝင်ခြင်းကိုတားမြစ်သကဲ့သို့၊ ထိုတရားသုံးပါးတို့သည်လည်း။နိဗ္ဗာန်တည်းဟူသောမြို့သို့ဝင်ခြင်း

ကို၊ တားမြစ်တတ်သောကြောင့်။ ရက်ပေါက်မင်းတုံးနှင့်တူသည်၊တရုတ်ကျားတိုင်သည်၊ နက်စွာတူး၍စိုက်ထားအပ်သောကြောင့်၊ နှုတ်ခြင်းငှါ ခဲယဉ်းသကဲ့သို့၊ ထိုတရား သုံးပါးသည်လည်း။ သတ္တဝါတို့သန္တာန်မှ၊နှုတ်ခြင်းငှါ ခဲယဉ်းသောကြောင့်။တရုတ်ကျားတိုင်နှင့်တူကုန်သည်၊

{ ဋီကာအလို }

ထို တတိယပြဿာ၏ အဖြေ့သည်မှု။ မြောက်စကြာဝဠာ နခမ်းဝ၌၊ သက်ဆင်းသော ပြဿာတယောက်သည်-မြတ်စွာဘုရား၏အထံတော်၌ (ယောကေစဗုဒ္ဓံ) ဟူသော ဂါထာကို၊ ကြားရင့်လျှော်ကြားသတတ်။ ၊ခပ်သိမ်းကုန်သောသူတို့သည်။မြတ်စွာဘုရားကို၊ လောကုတ္တရာသရဏဂုံဖြင့်။ကိုးကွယ်ရာဟူ၍ဆီးကာဝ်ကုန်၏၊ထိုသောကုတ္တရာသရဏဂုံဖြင့်၊ ဆည်းကပ်ကုန်သော သူတို့သည်။လူ၌ဖြစ်သောကိုယ်ခန္ဓာကို၊စွန့်ပစ်ကုန်သည်ရှိသော်၊နတ်ပြည်ယ်လေးဘုံသို့။ မလားရကုန်

လတံ့။ နတ်ပြည် ခြောက်ထပ်သို့၊ပြည့်စေကုန်လတံ့၊

[မှတ်ချက်။]လောကီသရဂုံ,လောကုတ္တရာသရဏဂုံ-နှစ်ပါးတို့တွင်။ လောကုတ္တရာ သရဏဂုံကို အလိုရှိအပ်၏ဟုပြလို၍။ (နိဗ္ဗမတိက သရဏဂမဏောနဂတာ) ဟူ၍အဋ္ဌကထာဖွင့်သည်။

[အထူးမှတ်သားချက်။] အဘယ်ကြောင့်။ ဤကဲ့သို့ သောအကြံသည်ဖြစ်ပေါ်လာကြရသနည်းဟူမူ။

ထိုသုဒ္ဓါဝါသဗြဟ္မာကြီး လေးဦးတို့သည်။ မိမိတို့သမာပတ်ကိုဝင်စား၍။ပိုင်းခြားအပ်သောကာလဖြင့်၊သမာပတ်မှ ထကုန်ပြီးလျှင်။ ဗြဟ္မာဘုံအားလုံးကို။ ကြည့်သည်ရှိသော်။ ညနေချမ်းအခါ-ဆွမ်းစားကျောင်းကိုကြည့်ရသကဲ့သို့၊ တရံ တယောက်သော ဗြဟ္မာကိုမျှ မမြင်ရကား။ ဗြဟ္မာတို့သည်၊ အဘယ်အရပ်သို့သွားကုန် သနည်းဟု။ဆင်ခြင်ကြလပ်သော်။ မဟာဝုန်တော၌။ နတ် ဗြဟ္မာအစည်းအဝေးသို့ သွားကြကုန်

သည်ဟု သိ၍။ ငါတို့သည် နောက်ကျကုန်ပြီ။ နောက်ကျသောသူတို့အား။နေရာကို ဆလွန်ရခဲ ကုန်သည်၊ထိုကြောင့်-ငါတို့သွားကြကုန်သည်ရှိ သော်။လက်ချည်းမသွားမူ၍။ ဂါထာတခုစီ ဘွဲ့ ကုံးပြီးမှသွားကုန်အံ့။ထိုဂါထာတို့ဖြင့်။ငါတို့လာ ကြောင်းကို သိစေအံ့။ မြတ်စွာဘုရား၏ ဂုဏ် တော်ကိုလည်း။ချီးမွမ်းပြောဆိုအံ့ဟုကြံ၍။ ထို ကြောင့်၊ သမာပတ်ဝင်စားရာမှထ၍။ ဆင်ခြင် သောကြောင့်။ဤကဲ့သို့သောအကြံဖြစ်သတတ်။

[မြတ်စွာဘုရား၏ရှေ့တော်၌၊ထင်ရှားဖြစ်ကုန်သကဲ့သို့။ ပါဠိတော်၌လာသည်၊ ယင်းသို့လာသော်လည်း။အဓိပ္ပါယ် ကို။ဤသို့မှတ်ယူအပ်၏။]

ထိုဖြဟ္မာကြီးလေးယောက်တို့သည်။ဖြဟ္မာ ဘုံ၌တည့်ကုန်လျက်ပင်လျှင်၊ဂါထာကိုဘွဲ့ကုံး၍ ဖြဟ္မာတယောက်သည်။အရှေ့စကြာဝဠာနခမ်း ဝ၌၊သက်ဆင်း၏။ သက်ဆင်းပြီးလျှင်။ နီလ-က သိုဏ်းကိုဝင်စား၍၊ညိုသော ရောင်ခြည်တို့ကို

လွှတ်လျှက်၊ တသောင်းသော စကြာဝဠာမှ လာကုန်သော။ နတ် ဗြဟ္မာ အပေါင်းတို့အား။ ညိုသောကမ္ဗလာဖြင့် ဖုံးလွှမ်းဘိသကဲ့သို့ ပြု၏၊ မိမိလာသည်၏ အဖြစ်ကို သိစေပြီးလျှင်။ မြတ်စွာဘုရား၏ ရှေးရှုဝှူရှုဖြစ်သောလမ်းဖြင့် လာပြီးလျှင်။ မြတ်စွာဘုရားကိုရှိခိုး၍၊ တင့်အပ်လျောက်ပတ်သောအရပ်၌ရပ်၏၊ ရပ်ပြီးလျှင်၊ မိမိဘွဲ့ကုံးကဲ့သော (မဟာသမယောပဝနသုတ်)ဟူသောဂါထာကိုရွတ်၏။ ထိုသို့ကြူးရင့်ပြီးနောက်၊ အရှေ့စကြာဝဠာနခမ်းဝသို့သွား၍ရပ်လေ၏၊

ဗြဟ္မာဘယောက်သည်၊ တောင်စကြာဝဠာနခမ်းဝ၌သက်ဆင်း၏။ သက်ဆင်းပြီးလျှင်။ ပိတကသိုဏ်းကိုဝင်စား၍၊ ရွှေသော ရောင်ခြည် တို့ကိုလွှတ်လျက်၊ စကြာဝဠာ တသောင်းမှ လာသောနတ်ဗြဟ္မာအပေါင်းတို့အား။ ရွှေပြားဖြင့်ခြုံဘိသကဲ့သို့ပြု၍၊ မိမိလာသည်၏ အဖြစ်ကို သိစေပြီးလျှင်။ ရှေးနည်းအတူ လာ၍ ရပ်လျက်။ (တတြ ဘိက္ခဝေါ)အစရှိသောဂါထာကို ရွတ်

၏၊ ရွတ်ဆိုကြူးရင့်ပြီးလျှင်၊ တောင်စကြာဝဠာ နခမ်းဝသို့သွား၍ ရပ်လေ၏၊

ပြဟ္မာတယောက်သည်၊ အနောက် စကြာဝဠာနခမ်းဝ၌သက်ဆင်း၏။ သက်ဆင်းပြီးလျှင် လောဟိတကသိုဏ်းကိုဝင်စား၍။ နီသောရောင်ခြည်တို့ကိုလွှတ်လျက်။ စကြာဝဠာ တသောင်းမှ လာကုန်သော။ နတ်ပြဟ္မာအပေါင်းတို့အား၊ ကမ္ဗလာနီဖြင့်ဝန်းရံဘိသကဲ့သို့ပြု၍။ မိမိလာသည်၏ အဖြစ်ကိုသိစေပြီးလျှင်။ ရှေးနည်းအတူ လာ၍ ရပ်လျက်၊ (သေတွာဒိလံ) အစရှိသော ဂါထာကို ရွတ်၏၊ ရွတ်ဆိုကြူးရင့်ပြီးလျှင်၊ အနောက်စကြာဝဠာနခမ်းဝသို့သွား၍ ရပ်လေ၏၊

ပြဟ္မာတယောက်သည်၊ မြောက် စကြာဝဠာနခမ်းဝ၌သက်ဆင်း၏။ သက် ဆင်းပြီးလျှင်။ ဩဒါတကသိုဏ်းကိုဝင်စား၍။ ဖြူသောရောင်ခြည်တို့ကိုလွှတ်လျက်၊ စကြာဝဠာတသောင်းမှ လာကုန်သော၊ နတ်ပြဟ္မာ အပေါင်းတို့အား၊ မြတ်လေးပန်း- ဘွဲ့ဖြူပုဆိုးကိုလွှမ်းခြုံဘိသကဲ့သို့ပြု၍

မိမိလာသာသည်၏ အဖြစ်ကို။ သိစေပြီးလျှင်၊ မြတ်စွာ ဘုရား၏ရှေးရှု တူရူဖြစ်သော၊ ထမ်းဖြင့်လာ၍၊ မြတ်စွာဘုရားကိုရှိခိုးလျက် ရပ်ပြီးလျှင်၊ (ယေကောစိဗုဒ္ဓံသရဏံဂတာသေ)အစရှိသော ဂါထာကိုရွတ်၏။ ရွတ်ဆို ကြူးခင့်ပြီးလျှင်၊ ပြောက် စကြာဝဠာနခမ်းဝသို့သွား၍ရပ်လေ၏။

ဤသို့ကြီးကြယ်သောပရိသတ်
ရှိသည်ကိုသိအပ်၏။

ထို-နတ်ပြဟ္မာအများစည်းဝေးသောအခါ၌၊ မြတ်စွာဘုရားသည်၊ ရဟန္တာငါးရာတို့ကို ခေါ်၍။ မိန့်တော်မူပြီ။

မိန့်မြွက်ဟန်ကား။ ။အို-ရဟန်းအပေါင်းတို့ တသောင်းသော စကြာဝဠာတို့၌ နေကုန်သော၊ နတ်ပြဟ္မာတို့သည်၊ ငါဘုရားကို၎င်း။ ရဟန္တာ ငါးရာ အပေါင်းကို၎င်း။ ဖူးမျှော်ခြင်းငှါ၊ များသောအားဖြင့်။ စည်းဝေး လာရောက်ကြကုန်၏။

ဒိုရဟာန်းတို့။ လွန်လေပြီးသောအခွန့်၌၊ ပူဇော်အ
ထူးကိုခံတော်မူထိုက်ကုန်သော။ အကြင်ဘုရား
သခင်တို့သည်လည်း။ ပွင့်တော်မူကြ လေကုန်ပြီ၊

ဥပမာပုံကား၊ ။ယခုအခါ-ငါဘုရား၏အထံ
တော်၌၊ နတ်ပြဟ္မာ တို့သည်၊ စည်းဝေး လာ
ရောက်ကုန်သကဲ့သို့။ ပွင့်တော် မူကုန်ပြီးသော။
ထိုဘုရား သခင်တို့၏လည်း။ အထံတော် တို့၌၊
ယခု-ငါဘုရား၏ အထံတော်၌၊ စည်းဝေးလာ
ရောက်ကြ သည်ယောက်ပမာဏ,ရှိသည် သာ
လျှင်ဖြစ်ကုန်သော။နတ် ပြဟ္မာတို့သည်။ စည်း
ဝေးလာရောက်ကြဘူးကုန်ပြီ၊

ဒို ရဟာန်းတို့။ လာလတံ့သော အနာဂါတ်
အခွန့်၌၊ ပူဇော်အထူးကို ခံတော် မူထိုက် ကုန်
သော၊ အကြင် ဘုရားရှင်တို့သည်လည်း၊ ပွင့်
တော်မူကြကုန်လိမ့်လတံ့၊

ဥပမာပုံကား၊ ။ယခုအခါ-ငါဘုရား၏အထံ
တော်၌။ နတ် ပြဟ္မာတို့သည်။ စည်းဝေး လာ

ရောက် ကုန်သကဲ့သို့။ ပွင့်တော် မူလတံ့သော ထိုဘုရားသခင်တို့၏လည်း။ အထံတော်၌။ ယခု ငါဘုရား၏အထံတော်၌၊စည်းဝေး လာရောက် ကြသည်လောက်၊ပမာဏ ရှိသည်သာလျှင် ဖြစ် ကုန်သော၊ နတ် ဗြဟ္မာတို့သည်။ စည်းဝေး လာ ရောက်ကြကုန်လတံ့။

[အထူးမှတ်ချက်။] ယင်းကဲ့သို့- နတ် ဗြဟ္မာ အ ပေါင်း။စည်းဝေးလာရောက်သောအခါ၊မြတ်စွာ ဘုရားသည်။ကြည့်တော်မူသည်ရှိသော်။မြေ အ ပြင်မှ၊ကြော၀့်ဥ္ဃာ နခမ်း၀တိုင်အောင်၊ အထက် သို့-အဂ္ဂနိဋ္ဌ ဘုံတိုင်အောင်။ နတ် ဗြဟ္မာတို့ အ စည်းအဝေးကို မြင်တော်မူ၍။ဤနတ်ဗြဟ္မာ အ စည်း အဝေးသည်၊ အလွန်များစွတကား။ ဤ ရဟန်းပျိုတို့သည်ကား။သို့စဉ်ကလောက်၊ နတ် ဗြဟ္မာ အစည်းအဝေးများသည်ဟုမသိကြလေ။ ယခုထိုရဟန်းတို့အား။ပြောကြားအံ့ဟုကြံတော် မူ၍။ (အထခေါ ဘဂဝါ ထိက္ခ။ အာမန္တေသိ၊) စသည်ကိုမိန့်တော်မူသတည်း။

အိုရှိ ရဟန်းတို့၊ နတ် ဗြဟ္မာအပေါင်းတို့၏ အမည်တို့ကို။ ငါဘုရားပြောအံ့။ အိုရှိ–ရဟန်းတို့၊ နတ် ဗြဟ္မာ–အပေါင်းတို့၏ အမည်တို့ကို။ ငါဘုရားကြားအံ့။ အိုရှိ–ရဟန်းတို့၊ နတ် ဗြဟ္မာအပေါင်းတို့၏အမည်တို့ကို။ ငါဘုရားဟောတော်မူအံ့။

ငါဘုရား ဟောကြားလတ္တံ့သောစကားကို။ သင်ရဟန်းတို့နားထောင်ကြကုန်လော့၊ ကောင်းစွာနှလုံးသွင်းကြ ကုန်လော့။ ဟောကြားတော်မူအံ့၊ ဤသို့မိန့်တော်မူပြီ။

အရှင်ဘုရား၊ အမိန့်တော်မြတ် အတိုင်းပါဘုရား။ ဤသို့လျှင်၊ ထိုရဟန်းတို့ ငါးရာသည်။ မြတ်စွာဘုရား၏ အမိန့်တော်ကို။ ရွှေးရှု ဝန်ခံကြကုန်၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား သည်။ ယခု–မိန့်ဆိုအံ့သော၊ (သိလောကမန္တကသာသိမ်) ဆင်ရှိသော၊ ဂါထာစကားတော် မြတ်ကို။ မိန့်တော်မူလေပြီ။

[အထူးမှတ်ချက်။] အာစိက္ခိဿာမိ, ဘိက္ခဝေ, ဒေဝကာယာနံ, နာမာနိ။ စသောစကားတော်ကိုအဘယ်ကြောင့် မိန့်တော် မူသနည်းဟူမူ။ ။နတ်ပြဟ္မာ အပေါင်းတို့၏ စိတ်ကို။ နှုးညှံ့စေခြင်း အကျိုးငှါ မိန့်တော်မူသည်၊ အကျယ်ကို ဤသို့သိအပ်၏။ ။

စည်းဝေး လာရောက်ကြသော။ နတ်ပြဟ္မာတို့သည်။ ဤသို့ အကြံဖြစ်ကြကုန်၏။ မြတ်စွာဘုရားသခင်သည်။ သို့စဉ် များပြား ကြီးကျယ်သော၊ ဤအစည်းအဝေး ပရိသတ်အတွင်း၌။ တန်ခိုးကြီးသော နတ်ပြဟ္မာတို့၏အမည်အနွယ်ကိုသာ။ဟောတော်မူလိမ့်မည်။တန်ခိုးငယ်သော နတ်ပြဟ္မာတို့၏ အမည်အနွယ်ကို။ ဟောကြားတော်မူမည်မဟုတ်ဟုကြံကြ၏။

ထိုအခါ၌ဘုရားသခင်သည်၊ ဤနတ်ပြဟ္မာအပေါင်းတို့ကား။ အဘယ်ကို ကြံကြကုန်သနည်းဟု၊ ဆင်ခြင်တော်မူလတ်သော်။ ခံတွင်းဖြင့်လက်ကိုသွင်း၍။ နှလုံးသားကို ချေဘိသကဲ့သို့ရင်း၊ ခိုး

ထုပ်နှင့်တကွ၊ ခိုးသူကိုဘမ်းမိသော သူကဲ့သို့ ရင်းထို နတ်ပြဟ္မာ အပေါင်းတို့၏။ စိတ်အကြံကိုသိတော်မူ၍၊ တသောင်းသောစကြာဝဠာမှ။ လာတိုင်း လာတိုင်းသော၊ နတ်ပြဟ္မာအပေါင်းတို့တွင်။ ဘနဲခို့ အကြီးဆင ယ်ကိုမရွေးချယ်မူ၍။ အသုံးပုံသောနတ် ပြဟ္မာတို့၏၊ အမည်အနွယ်ကိုပင်ပေါဘအံ့ဟု၊ အကြံဖြစ်တော်မူ၏၊

မြတ်စွာဘုရားတို့ မည်သည်။ ပုဂ္ဂိုလ်ထူး-ပုဂ္ဂိုလ်မြတ်ဖြစ်ကုန်ရကား၊ မမြင်-မသိသော အရာမည်သည်မရှိကုန်၊ ထိုကြောင့်၊ ခပ်သိမ်းသော အရာမှာနဘို့၌၊ အပိတ်, အပင်, အဆီး, အတားမရှိသော၊ ဉာဏ်တော် ရှိတော်မူသော မြတ်စွာဘုရားသည်။ ထို-နတ် ပြဟ္မာ အပေါင်းတို့ကို၊ ကျွတ်ထိုက်သော’ဘဗ္ဗပုဂ္ဂိုလ်၊ မကျွတ် ထိုက်သော’အဘဗ္ဗပုဂ္ဂိုလ်ဟု၊ နှစ်ပုံပုံတော်မူ၏၊ ထိုနှစ်ပုံတွင်၊ မကျွတ်ထိုက်သော’အဘဗ္ဗပုဂ္ဂိုလ်တို့ကိုတကြောင်းဘဉ်းပင်၊ အတူနေညွှာသောသ်လည်း။

မကြည့်ရှုကုန်။ ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်တို့ ကိုကား၊ အဝေး၌ပင် နေငြားသော်လည်း၊ သွား ရောက်ချီးမြှောက်တော်မူကုန်သည်။ ထို့ကြောင့် ထိုအစည်းအဝေးတွင်၊ အကြင် နတ်ဗြဟ္မာတို့ သည်။ မကျွတ်ထိုက်ကုန်။ ထိုမကျွတ်ထိုက်သော နတ်ဗြဟ္မာတို့ကို ပယ်တော်မူ၍၊ ကျွတ်ထိုက် သော နတ်ဗြဟ္မာ တို့ကိုသာ၊ ဉာဏ်တော်ဖြင့် သိမ်းပိုက်တော်မူပြီ၊ ယင်းသို့-သိမ်းပိုက်တော် မူပြီးသည်နောက်။ ဤအစည်းအဝေးတွင်။ ဤမှ ဤရွေ့-အရေအတွက်ရှိကုန်သော၊ နတ်ဗြဟ္မာ တို့သည်။ ရာဂ-စရိုက်အားကြီးကုန်၏။ ဤမှ-ဤ ရွေ့-အရေအတွက်ရှိသောနတ်ဗြဟ္မာတို့သည်။ ဒေါသစရိုက်-အားကြီးကုန်၏၊ ဤမှဤရွေ့-အ ရေအတွက်ရှိသောနတ်ဗြဟ္မာတို့သည်၊ မောဟစ ရိုက်အားကြီးကုန်၏၊ ထို့အတူ ဤမှ-ဤရွေ့-အ ရေအတွက်ရှိသော နတ် ဗြဟ္မာတို့သည်၊ သဒ္ဓါစ ရိုက်- ပညာစရိုက်- ဝိတက်စရိုက် အားကြီး ကုန်၏။ ဤသို့စရိုက်ခြောက်ပါးတို့၏ အစွမ်းဖြင့်။

ထို ဘျှင်ထိုက်သော နတ် ဗြဟ္မာဘို့ကို။ခြောက် ပုံ-ပုံတော်မူ၏။

ထိုခြောက်ပုံသော နတ်ဗြဟ္မာတို့အား။ဟော ရန် တရားဒေသနာကို၊ ဆင်ခြင်တော် မူသတ် သော်။ရာဂစရိုက်အားကြီးသော၊နတ် ဗြဟ္မာတို့ အား။{သမ္မာပရိဗ္ဗာဇနိယသုတ်ကို} ဟောအံ့၊ ။ ဒေါသစရိုက်အားကြီးသော။နတ်ဗြဟ္မာတို့အား {ကလဟ ဝိဝါဒသုတ်ကို} ဟောအံ့ ။မောဟ စရိုက်အားကြီးသော၊နတ်ဗြဟ္မာတို့အား{မဟာ ဗျူဟသုတ်ကို} ဟောအံ့၊ ၊ဝိတက်စရိုက် အား ကြီးသော။ နတ်ဗြဟ္မာတို့အား၊ {စူဠဗျူဟသုတ် ကို}ဟောအံ့။ ။သဒ္ဓါစရိုက်အားကြီးသော၊ နတ် ဗြဟ္မာ တို့အား၊ {တုဝဋ္ဋကပဋိပဒါကို} ဟော အံ့။ ။ပညာစရိုက်အား ကြီးသော။နတ် ဗြဟ္မာတို့ အား။{ပုရာဘေဒသုတ်ကို} ဟောတော်မူအံ့၊ ။ ဤသို့ဟောရန်ဒေသနာတော်တို့ကို၊အသီးအသီး ပိုင်းခြားတော်မူ၏။

ထိုနောက်တဘာန်။ပရိသတ်ကို။ နှလုံးသွင်း

[အထူးမှတ်ချက်။] ဆာခ်ဝိက္ဍသသာမိ,ဘိက္ခုဝေ,ဒေဝကာယာနံ,နာမာနိ။ စသောစကားတော်ကိုအဘယ်ကြောင့် မိန့်တော် မူသနည်းဟူမူ။ ။နတ်ဖြဟ္မာ အပေါင်းတို့၏ စိတ်ကို။ နှူးညံ့စေခြင်း အကျိုးငှါ မိန့်တော်မူသည်၊ အကျယ်ကို ဤသို့သိအပ်၏။ ။

စည်းဝေး လာရောက်ကြသော။ နတ်ဖြဟ္မာတို့သည်။ ဤသို့ အကြံဖြစ်ကြကုန်၏။ မြတ်စွာဘုရားသခင်သည်။ သို့စဉ် များပြား ကြီးကျယ်သော၊ ဤအစည်းအဝေး ပရိသတ်အတွင်း၌။ တန်ခိုးကြီးသော နတ်ဖြဟ္မာတို့၏အမည်အနွယ်ကိုသာ။ဟောတော်မူလိမ့်မည်။တန်ခိုးငယ်သော နတ်ဖြဟ္မာတို့၏ အမည်အနွယ်ကို။ ဟောကြားတော်မူမည်မဟုတ်ဟုကြံကြ၏။

ထိုအခါ၌ဘုရားသခင်သည်၊ ဤနတ်ဖြဟ္မာအပေါင်းတို့ကား။ အဘယ်ကို ကြံကြကုန်သနည်းဟူ၊ ဆင်ခြင်တော်မူလတ်သော်။ခံတွင်းဖြင့်လက်ကိုသွင်း၍။နှလုံးသားကို ချေဘိသကဲ့သို့ရင်း၊ ခိုး

ထုပ်နှင့်တကွ၊ခိုးသူကိုဘမ်းမိသော သူကဲ့သို့ရင်း
ထို နတ် ပြဟ္မာ အပေါင်းတို့၏။ စိတ်အကြံကိုသိ
တော်မူ၍၊ တသောင်းသောစကြာဝဠာမှ။ လာ
တိုင်း လာတိုင်းသော၊ နတ်ပြဟ္မာအပေါင်းတို့
တွင်။ ဘုန်ခိုး အကြီးဆယ်ကိုမရွေးချယ်မူ၍။ အ
သုံးပုံသောနတ် ပြဟ္မာတို့၏၊ အမည်အနွယ်ကိုပင်
ပဟောအံ့ဟု၊ အကြံဖြစ်တော်မူ၏၊

မြတ်စွာဘုရားတို့ မည်သည်။ ပုဂ္ဂိုလ်ထူး-
ပုဂ္ဂိုလ်မြတ်ဖြစ်ကုန်ရကား၊ မမြင်-မသိသော အ
ရာမည်သည်မရှိကုန်၊ ထို့ကြောင့်၊ ခပ်သိမ်းသော
အရာမှာ နဘ်ရှိ၍၊ အပိတ်,အပင်,အဆီး,အတား
မရှိသော၊ ဉာဏ်တော် ရှိတော်မူသော မြတ်စွာ
ဘုရားသည်။ ထို-နတ် ပြဟ္မာ အပေါင်းတို့ကို၊
ကျွတ်ထိုက်သော' ဘဗ္ဗပုဂ္ဂိုလ်။ မကျွတ် ထိုက်
သော' အဘဗ္ဗပုဂ္ဂိုလ်ဟု။ နှစ်ပုံပုံတော်မူ၏၊ ထိုနှစ်
ပုံတွင်။ မကျွတ်ထိုက်သော' အဘဗ္ဗပုဂ္ဂိုလ်တို့ကို
တကြောင်းဘဉ်းပင်၊ အတူနေညားသော်လည်း။

မကြည့်ရှုကုန်။ ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်တို့ ကိုကား၊ အဝေးမှပင် နေပြားသော်လည်း၊ သွား ရောက်ချီးမြှောက်တော်မူကုန်သည်။ ထို့ကြောင့် ထိုအစည်းအဝေးတွင်၊ အကြင် နတ် ဗြဟ္မာတို့ သည်။ မကျွတ်ထိုက်ကုန်။ ထိုမကျွတ်ထိုက်သော နတ် ဗြဟ္မာတို့ကို ပယ်တော်မူ၍၊ ကျွတ်ထိုက် သော နတ်ဗြဟ္မာ တို့ကိုသာ၊ ဉာဏ်တော်ဖြင့် သိမ်းပိုက်တော်မူပြီ၊ ယင်းသို့-သိမ်းပိုက်တော် မူပြီးသည်နောက်။ ဤအစည်းအဝေးတွင်။ ဤမှ ဤရွေ့-အရေအတွက်ရှိကုန်သော၊ နတ် ဗြဟ္မာ တို့သည်။ ရောဂ-စရိုက်အားကြီးကုန်၏။ ဤမှ-ဤ ရွေ့-အရေအတွက်ရှိသောနတ် ဗြဟ္မာတို့သည်။ ဒေါသစရိုက်-အားကြီးကုန်၏၊ ဤမှဤရွေ့-အ ရေအတွက်ရှိသောနတ်ဗြဟ္မာတို့သည်၊ မောဟစ ရိုက်အားကြီးကုန်၏၊ ထို့အတူ ဤမှ-ဤရွေ့-အ ရေအတွက်ရှိသော နတ် ဗြဟ္မာတို့သည်၊ သဒ္ဓါစ ရိုက်- ပညာစရိုက်- ဝိတက် စရိုက် အားကြီး ကုန်၏။ ဤသို့စရိုက်ခြောက်ပါးတို့၏ အစွမ်းဖြင့်။

ထိုဘျွတ်ထိုက်သော နတ် ဗြဟ္မာ ဘို့ကို။ ခြောက်ပုံ-ပုံတော်မူ၏။

ထိုခြောက်ပုံသော နတ်ဗြဟ္မာတို့အား။ ဟောရန် တရားဒေသနာကို၊ ဆင်ခြင်တော် မူလတ်သော်။ ရာဂစရိုက်အားကြီးသော၊ နတ် ဗြဟ္မာတို့အား။ {သမ္မာပရိဗ္ဗာဇနီယသုတ်ကို} ဟောအံ့၊ ။ ဒေါသစရိုက်အားကြီးသော။ နတ် ဗြဟ္မာတို့အား {ကလဟ ဝိဝါဒသုတ်ကို} ဟောအံ့ ။ မောဟစရိုက်အားကြီးသော၊ နတ်ဗြဟ္မာတို့အား{ မဟာဗျူဟာသုတ်ကို} ဟောအံ့၊ ။ ဝိတက်စရိုက် အားကြီးသော။ နတ်ဗြဟ္မာတို့အား၊ {စူဠဗျူဟာသုတ်ကို}ဟောအံ့။ ။ သဒ္ဓါစရိုက်အားကြီးသော၊ နတ်ဗြဟ္မာ တို့အား၊ {တုဝဋကပဋိပဒါကို} ဟောအံ့။ ။ ပညာစရိုက်အား ကြီးသော။ နတ် ဗြဟ္မာတို့အား။ {ပုရာဘေဒသုတ်ကို} ဟောတော်မူအံ့၊ ။ ဤသို့ဟောရန်ဒေသနာတော်တို့ကို၊ အသီးအသီး ပိုင်းခြားတော်မူ၏။

ထိုနောက်တဘန်၊ ပရိသတ်ကို။ နှလုံးသွင်း

တော်မူပြန်သည်ကား။ ။အတ္တဇ္ဈာသယ-ပရဇ္ဈာ
သယ-အဋ္ဌုပ္ပတ္တိက-ပုစ္ဆာအားဖြင့်။လေးပါးတို့
တွင်။အဘယ်ဖြင့်တရားအထူးကို သိကြပါမည်
နည်းဟု။နှုံးသွင်းတော်မူ၏။ထိုနောင်မှ(ပုစ္ဆာ)
၏အစွမ်းဖြင့်၊သိကြလိမ့်မည်ဟု၊ သိတော်မူ၍။
နတ်ဗြဟ္မာ အပေါင်းတို့၏၊ အလိုဆန္ဒကို ယူ၍၊
စရိုက်၏အစွမ်းဖြင့်။ပြဿနာကိုမေးခြင်းငှါ။စွမ်း
နိုင်သော။တစုံတဦးသောသူသည်၊ ရှိမည်လော
ဟု၊ကြည့်တော်မူလတ်သော်။ထိုရဟန္တာငါးရာ
တို့တွင်။ တပါးသော ရဟန္တာကိုမျှ-မမြင်၊ ထို
နောက်တဘန်။ မဟာသာဝကရှစ်ကျိပ်၊ အဂ္ဂ
သာဝက-နှစ်ပါးတို့ကို။ကြည့်တော်မူပြန်သော်၊
ထိုမထေရ်တို့လည်း၊မစွမ်းနိုင်ကုန်ဟု။မြင်တော်
မူ၍။ကြံတော်မူပြန်သည်ကား။ပစ္စေကဗုဒ္ဓါရှိခဲ့မူ
ထိုပစ္စေကဗုဒ္ဓါသည်၊ စွမ်းနိုင် ပါမည်လောဟု။
ဆင်ခြင်လတ်သော်၊ မစွမ်းနိုင်ဟုသိတော်မူ၏၊
သိကြား-သုရာမစသောနတ်ဗြဟ္မာတို့တွင်။တစုံ
တယောက်သည်။ စွမ်းနိုင်ပါမည်လောဟု ဆင်

ခြင်လတ်သော်၊ မစွမ်းနိုင်ဟု သိတော်မူ၍၊ ထို
နောင်တဘန်၊ ဤသို့အကြံတော်ဖြစ်၏၊ ငါကဲ့သို့
သောဘုရားသည်သာသျှင် စွမ်းနိုင်ရာ၏။ ယင်း
သို့ဖြစ်ခဲ့ တုံသော်၊ တပါးသော စကြာဝဠာ၌၊
ဘုရားတဆူရှိဦးမည်လောဟု၊ အဆုံးမရှိသော
လောကဓာတ်တို့၌၊အဆုံးမရှိသောဉာဏ်တော်
ကို' ဖြန့်၍။ကြည့်တော်မူလပ်သော်။တပါးသော
ဘုရားကိုမြင်တော်မမူ၊ယင်းသို့ ကိုယ်တော်နှင့်
ထပ်တူဖြစ်သော၊တပါးသောဘုရားကိုမြင်တော်
မမူသောကြောင့်။ကြံတော်မူပြန်သည်ကား၊ ငါ
သဉ်ပင်မေး၍။ငါသည်ပင် ဖြေကြားရပါမူကား
ဤ နတ်ပြဟ္မာအပေါင်းတို့သည်၊ သစ္စာလေးပါး
ကိုထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်ကုန်လတံ့၊
တပါးသော ဘုရားသည်၊မေး၍၊ ငါဘုရားဖြေ
ကြားရမူကား၊အံ့ဩဘွယ်လည်းဖြစ်လတံ့။ ဤ
နတ်ပြဟ္မာ အပေါင်းတို့သည်း။သစ္စာလေးပါးတ
ရားကိုထိုးထွင်း၍သိခြင်းငှါစွမ်းနိုင် ကုန်လတံ့၊
ထိုကြောင့်၊ နိမ္မိတဘုရားကို-ဖန်ဆင်းတော်မူအံ့

ဟု၊ကြိတော်မူပြီး၍၊ အဘိညာဉ်လျှင် အခြေရှိသောစျာန်ကို၊ဝင်စားတော်မူ၍၊ စျာန်မှထတော်မူပြီးလျှင်၊သပိတ်သက်နန်းကိုယူခြင်း၊ ရှေးရှုကြည့်ခြင်း၊တစောင်းကြည့်ခြင်း၊ကွေးခြင်း၊ ဆန့်ခြင်း၊ စသည့်သည်၊ငါဘုရားနှင့်တူစွာဖြစ်စေသတည်းဟု၊(ကာမာဝစရ)စိတ်ဖြင့်ပရိကံကိုပြု၍၊ အရှေ့ယုဂန္ဓိုရ်တောင်ယံမှ၊ထွက်လာသောလဝန်းကိုခွဲ၍တွက်ဘိသကဲ့သို့၊ရူပါဝစရစိတ်ဖြင့်၊ဖန်ဆင်းတော်မူ၏၊နတ်ဗြဟ္မာအပေါင်းတို့သည်၊ ထိုနိမ္မိတဘုရားကိုမြင်လျှင်၊အို-အသင်တို့၊(လ)အတူထွက်ခဲ့ပြန်ပြီဟုဆို၏၊ ၊ထိုနောက် (လ)ကိုစွန့်ပယ်၍၊အနီးသို့ရောက်လတ်သော်၊ လ-မဟုတ်၊နေ-တစင်းထွက်သည်ဟု ဆိုကြ၏၊ တဖန်-နိမ္မိတ်သည်ထက်နီးပြန်သော်၊နေ-မဟုတ်၊ နတ်ဗိမာန်တခု-ဖြစ်သည်ဟုဆိုကြ၏၊ တဖန် ထိုထက်နီးကပ်လာပြန်သော်၊နတ်ဗိမာန်မဟုတ်၊ နတ်သားတယောက် ဖြစ်သည်ဟု ဆိုကြ၏၊ တဖန်ထိုထက်နီးကပ် လာပြန်သော်၊ နတ်သားမဟုတ်၊

မဟာဗြဟ္မာ တရေယာက် ဖြစ်သည်ဟုဆိုကြ၏၊ တဘန်ထိုထက် နိုးကပ်လာလတ်သော်၊ ဒို-အချင်းတို့၊မဟာဗြဟ္မာမဟုတ်၊ ဘုရားတဆူ ပွင့်တော်မူလာသည်ဟု ဆိုကြ၏။ ထိုအစည်း အဝေးကြီးတွင်၊ပုထုဇဉ်ဖြစ်သော၊နတ်ဗြဟ္မာတို့သည်ကား၊တဆူသော ဘုရား၏ အထံတော်၌၊ သို့စဉ်ကလောက်၊နတ်ဗြဟ္မာအစီးအဝေး များပြားသည်၊ နှစ်ဆူသော ဘုရားရှင်တို့၏ အထံ၌ကား၊အဘယ်မျှအစည်းအဝေး များလိမ့်မည်နည်းဟုကြံကြံကုန်၏။ အရိယာဖြစ်သော နတ်ဗြဟ္မာတို့သည်ကား၊တခုသောလောကဓာတ်၌၊ ဘုရားနှစ်ဆူမရှိကောင်း၊မဓျတ်-မြတ်စွာဘုရားသည်၊ ကိုယ်တော်နှင့် တူသော၊ တပါးသော ဘုရားကို၊ ဖန်ဆင်းသည်ဟု။ အကြံဖြစ်ကြကုန်၏။

ထိုနောင် ထိုနတ်ဗြဟ္မာအပေါင်းတို့၊ကြည့်ရှု ဘုရားမြေဝ်စဉ်ပင်လျှင်၊နိမ္မိတဘုရားသည်၊မြတ်စွာဘုရားကို၊ ရှိမခိုးဘဲသာလျှင်၊ မျက်မှောက်

တရူရှူအရပ်တွင်၊ဘန့်ဆင်းအပ်သောနေရာ၌ထိုင်၏။ မြတ်စွာဘုရားအားလည်း၊ ၃၂-ပါးသော-လက္ခဏာတော်ကြီး တို့သည်ရှိကုန်၏။ နိမ္မိဘဘုရားအားလည်း။ ထို့အတူရှိကုန်၏။ မြတ်စွာဘုရား၏ ကိုယ်တော် မှလည်း။ ခြောက်သွယ်သော။ရောင်ခြည်တို့သည်ထွက်ကုန်၏ ၊နိမ္မိတဘုရား၏ ကိုယ်တော်မှလည်း၊ထို့အတူ ရောင်ခြည်တော် ခြောက်သွယ်တို့သည်။ ထွက်ပေါ်ကုန်၏၊ မြတ်စွာဘုရား၏ကိုယ်တော်မှ ထွက်သော၊ရောင်ခြည်ဘို့သည်၊နိမ္မိဘဘုရား၏ကိုယ်တော်ကို။ ထိခဝ်ကုန်၏။ နိမ္မိတ ကိုယ်တော်မှထွက်သောရောင်ခြည်တို့သည်လည်း၊ မြတ်စွာဘုရား၏ကိုယ်တော်ကို။ထိခဝ်ကုန်၏။ ထိုနှစ်ဆူသောဘုရားရှင်တို့၏ ကိုယ်တော်မှ၊ ထွက်ကုန်သော။ရောင်ခြည်တော်တို့သည်။အထက်သို့ ဘဝဂ်ဘိုင်အောင် တက်ကြ၍၊ တဘန် ပြန်ခဲ့ပြီးလျှင်။နတ်ပြဟ္မာအပေါင်းတို့၏။ဦးခေါင်းထက်၌သက်ဆင်းလျက်၊စကြာဝဠာ နခမ်းဝသို့၊ ပြေး

သွားကုန်၏၊ စကြာဝဠာတိုက်အားလုံးသည်။ ရွှေဖြင့်ပြီးသော၊ အချင်တို့ဖြင့် ဘွဲ့အပ်သော။ စေတီအိမ်ကြီးကဲ့သို့။ အလွှန့်အလွှန်တင့်တယ်၏။

အို-စာရှုကြသော၊ ပြည်သူ အပေါင်းတို့။ {အပ္ပမာဏော ဗုဒ္ဓေါ,မြတ်စွာ ဘုရား၏၊ သိရိဘုန်းတော် မြဲ့ သည်၊ တဖြတ်ဖြတ်-ကြက်သီးမွေးညှင်းထဘနန်း၊ ဆန်းကြယ်တော် မှုလှပါတကား။}

တသောင်းသော-စကြာဝဠာဘဲ့နေကုန်သောနတ်ဗြဟ္မာအပေါင်းတို့သည်၊ တခုသော၏စကြာဝဠာ၌။ တခုတည်းဖြစ်ကုန်၍၊ နှစ်ဆူသော ဘုရားရှင်တို့၏၊ ရောင်ခြည်တော် အတွင်းသို့ ဝင်၍၊ တည်ကြကုန်သတည်း။

နိမ္မိဘ ဘုရားရှင်သည်၊ ထိုင်တော် မူလျက်သာသျှင်၊ မြတ်စွာဘုရား၏ဗောဓိပလ္လင်၌၊ ကိလေသာအပေါင်းကို- ငယ်တောင်မူခြင်းကို၊ ချီးမွမ်းတော်မူပြီးသျှင်။ {ပုဏ္ဏာဒိ-မုနိပဟုတပည} အစရှိသောဂါထာကို၊ ရွတ်ဆိုတော်မူ၏။

မြတ်စွာဘုရား သခင်သည်၊ နတ်ပြဟ္မာ အပေါင်းတို့၏စိတ်ကို၊နူးညံ့စေခြင်းအကျိုးငှါ၊ လတိုင်း-လတိုင်းကုန်သော၊နတ် ပြဟ္မာတို့၏ အမည်-အနွယ်တို့ကို။ ပြောကြားအံ့ဟု၊ ကြံတော်မူ၍။ { ဆာဝိက္ခိသဿမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ။ } အစရှိသောစကားကို။မိန့်မြွက်တော်မူသည်။ ။ဤသို့အထူးမှတ်ဆင်၍၊

ယခုအခါဂါထာတို့ဖြင့်။နတ်တို့၏အမည် စသည်ကို၊အစဉ်အတိုင်းသိစေအံ့။

အက္ခရာပုဒ်တို့ဖြင့်မှတ်အပ်သော(ဂါထာ)စကားကို။ငါဘုရားဟောတော်မူအံ့။ ။အကြင်အရပ်၌၊ ဘုမ္မစိုးနတ်တို့သည်။ထိုထိုသောအရပ်ကိုမှီ၍ နေကုန်၏။ များစွာကုန်သော၊ အကြင်ငါးရာသော။ရဟန္တာတို့သည်။တောင်ဂှမ်းကိုမှီ၍နေကုန်၏။ကိုယ်အသက်ကိုမငဲ့မူ၍၊ နိဗ္ဗာန်သို့စေလွှတ်သောစိတ်ရှိကုန်သည်ဖြစ်၍။တည်ကြည်

ကြကုန်၏၊ ခြင်္သေ့မင်းကဲ့သို့၊ တဇေယာက် သည်းကိန်းအောင်းကုန်၏၊ ကြောက်ရွံ့ထိတ်လန့် ခြင်းကင်းကုန်၏။ ပြုံးရွှင်သောစိတ် ရှိကုန်သည် ဖြစ်၍၊ စင်ကြယ်ကုန်၏၊ ကြည်လင်ကုန်သည် ဖြစ်၍။ နောက်ကျုခြင်းမရှိကုန်။

ထိုအခါ၌-မြတ်စွာဘုရားသည်၊ ကပိလဝတ် ပြည်၏အနီးဖြစ်သော၊ မဟာဝုန်တော၌။ ဘုရား နှင့်တကွ၊ငါးရာဇလွှန် ရှိကုန်သော၊ ထိုရဟန်း တို့ကို၊သိတော်မူ၍။ သိက္ခာသုံးပါးဟု ဆိုအပ် သော၊သာသနာတော်၌။ မွေ့လျော်ကုန်သော။ တပည့် သားတော်တို့ကို၊ ခေါ်၍မိန့်တော်မူ၏။ ချစ်သားရဟန်းတို့၊နတ်အပေါင်းတို့သည်၊ ဝမ်း မြောက်-ဝင်းသာ ထာကြကုန်၏။ ထိုနတ် အ ပေါင်းတို့ကို၊ သင်ချစ်သားတို့သည်၊ ဒိဗ္ဗစက္ခု ဉာဏ်ဖြင့်၊သိအောင်ပြုကြကုန်လော့။ ဤသို့ခေါ် ၍၊မိန့်တော်မူ၏။

ထိုရဟန်းတော်ငါးရာတို့သည်လည်း၊ မြတ်

ဗွာဘုရား၏အမိန့်တော်ကို။ ရှိသေစွာ နာယူကုန်၍၊ သိအောင်အားထုပ်ခြင်းကိုပြုကုန်၏။

ထိုငါးရာသောရဟန္တာတို့အား။ နတ်တကာတို့ကို မြင်တတ်သော။ ဒိဗ္ဗစက္ခု ဉာဏ်သည်၊ ထင်ရှားဖြစ်၏၊ အချို့သော ရဟန်းတို့သည်။ တရာသောနတ်ကိုမြင်ကုန်၏။ အချို့သောရဟန်းတော်တို့သည်။ တထောင်သောနတ်တို့ကို။ မြင်ကုန်၏။ အချို့သောရဟန်းတော်တို့သည်။ ခုနှစ်ထောင်သောနတ်တို့ကိုမြင်ကုန်၏၊ အချို့သော ရဟန်းတော်တို့သည်၊ နတ်တို့၏ တသိန်းကိုမြင်ကုန်၏၊ အချို့သောရဟန်းတော်တို့သည်၊ အပိုင်းအခြားမရှိ၊ များစွာသောနတ်အပေါင်းတို့ကိုမြင်ကုန်၏။ ခဝ်သိမ်းသော အရပ်မျက်နှာတို့သည်။ နတ်တကာတို့ပြည့်နှက်သည်ဖြစ်ကုန်၏။

ထိုအခါ၌-စက္ခု,ငါးပါးနှင့် ပြည့်စုံတော် မူသောမြတ်စွာဘုရားသည်။ ထိုရဟန်းတို့သည်၊ အသီးအသီး မြင်အပ်သော။ အလုံးစုံသော နတ် အပေါင်းကိုလည်း၊ ထူးသောဉာဏ်ဖြင့်သိတော်မူ၍

လက်ဝါးပြင်တွင်။တင်ထားအပ်သော ပဏ္ဏုမြား ကဲ့သို့။မျက်မှောက် ပိုင်းခြားတော်မူ၍။ သိကြွာ သုံးပါးဟုဆိုအပ်သော သာသနာတော်၌။ မွေ့ လျော်ကုန်သော ဘပည့်သားတော်တို့ကို။ ခေါ်၍ မိန့်တော်မူပြီ၊

ချစ်သားရဟန်းတို့။ နတ်အပေါင်း တို့သည်။ ဝမ်းမြောက်ဝမ်းသာ၊ လာရောက်ကြကုန်၏။ အကြင်နတ်တို့ကို။ဂါထာစကားတို့ဖြင့်၊ အစဉ်အတိုင်း၊ သင်ချစ်သားတို့အား၊ ငါဘုရားသည်၊ ကြားတော်မူအံ့၊ ထိုနတ်အပေါင်းတို့ကို။ ချစ်သားတို့၊ဒိဗ္ဗစက္ခုဉာဏ်ဖြင့်၊သိမြင်အောင်ပြုကြလော့'ဟု၍သို့ခေါ်၍မိန့်တော်မူ၏။

{က} ချစ်သား ရဟန်းတို့။ ချနှစ်ထောင် ကုန်သောနတ်တို့သည်။ကပိလဝတ်ပြည်ကိုမှီ၍ နေကုန်သော။ ဘုမ္မစိုးနတ်းနတ်တို့ ချည်းတည်း၊နတ်တို့၏တန်ခိုးနှင့် ယှဉ်ကုန်သော၊ ကြီးသော အာနုဘော်ရှိကုန်သော။ အဆင်းလှကုန်သော။များသော အခြံအရံရှိကုန်သော၊ထိုကပိလ

ဝတ်ဖြည်ကို၊ မှီ၍ နေကုန်သော၊ ခုနှစ်ထောင်
သော၊ ဘုမ္မစိုးနတ်တို့သည်၊ ဝမ်းမြောက်ကုန်
သည်ဖြစ်၍။ရဟန်းတို့၏ အပေါင်းကို၊ ဘူးမြင်
ခြင်းငှါ။ဤမဟာဝုန်တောသို့လာကုန်ပြီ။

{ ၁ } ချစ်သားရဟန်းတို့၊ ခြောက်ထောင်ကုန်
သော။ဟိမဝန္တာတော၌နေကုန်သော။အဆ
ထူးထူးသော အဆင်း ရှိကုန်သော၊ နတ်တို့၏
တန်ခိုးနှင့်ယှဉ်ကုန်သော။ကြီးသောအာနုဘော်ရှိ
ကုန်သော၊အဆင်းလှကုန်သော။များသော အခြံ
အရံရှိကုန်သော။နတ်တို့သည် ဝမ်းမြောက်ကုန်
သည်ဖြစ်၍။ ရဟန်းတို့၏အပေါင်းကို။ ဘူးမြင်အံ့
သောငှါ။ဤမဟာဝုန်တောသို့လာကုန်ပြီ။

{ ၂ } ချစ်သားရဟန်းတို့၊ အထူးထူးသော အ
ဆင်း ရှိကုန်သော။ နတ်တို့ တန်ခိုးနှင့်
ယှဉ်ကုန်သော၊ ကြီးသော အာနုဘော် ရှိကုန်
သော။အဆင်းလှကုန်သော။များသော အခြံအရံ
ရှိကုန်သော၊ သာတာဂိရိ တောင်၌ နေကုန်သော။

သုံးထောင်ကုန်သော၊ နတ်တို့သည်၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍။ ရဟန်းတို့၏ အပေါင်းကို။ ဘူးမြင်ခြင်းငှါ၊ ဤမဟာဝုန်တောသို့လာကုန်ပြီ။

ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ တသောင်းခြောက်ထောင်ကုန်သော၊ အထူးထူးသော အဆင်းရှိကုန်သော။ နတ်တို့၏တန်ခိုးနှင့် ယှဉ်ကုန်သော၊ကြီးသောအာနုဘော်ရှိကုန်သော။ အဆင်းလှကုန်သော၊များသောအခြံအရံရှိကုန်သော၊ ထိုနတ်တို့သည်၊ ဝမ်းမြောက် ကုန်သည် ဖြစ်၍။ ရဟန်းတို့၏ အပေါင်းကို ဘူးမြင်ခြင်းငှါ။ ဤမဟာဝုန်တောသို့ လာရောက်ကုန်ပြီ၊

ချစ်သားရဟန်းတို့၊အထူးထူးသော အဆင်းရှိကုန်သော၊ နတ်တို့တန်ခိုးနှင့် ယှဉ်ကုန်သော၊ ကြီးသော အာနုဘော်ရှိကုန်သော၊ အဆင်းလှကုန်သော။များသောအခြံအရံရှိကုန်သော။ ဝေဿဝဏ်မိတ္တ,တောင်၌နေကုန်သော။ငါးရာကုန်သော နတ်တို့သည်၊ ဝမ်းမြောက် ကုန်သည် ဖြစ်၍၊

ရဟန်းတို့၏အပေါင်းကိုဘုရားမြင်ခြင်းငှါ၊ ဤမဟာဝုန်တောသို့လာကုန်ပြီ၊

ချစ်သားရဟန်းတို့။ ကုမ္ဘီရ,အမည်ရှိသော နတ်သည်၊ ရာဇဂြိုဟ်ပြည်၌ဖြစ်၏၊ ထိုကုမ္ဘီရ နတ်၏နေရာသည်၊ ဝေပုလ္လ,တောင်တည်း။ ထို ကုမ္ဘီရ,နတ်မင်းကြီးကို။တသိန်းမကသော နတ် အပေါင်းသည်။ရိုသေတုပ်ဝပ်၊ ဆည်းကပ်ရ၏။ ရာဇဂြိုဟ်ပြည်၌ ဖြစ်သော၊ ထို ကုမ္ဘီရ,မည် သော။နတ်မင်းကြီးသည်လည်း။ရဟန်းအပေါင်း၊ ကိုဘုရားမြင်ခြင်းငှါ၊ဤမဟာဝုန်တောသို့၊အခြံ အ ရံပရိသတ်နှင့်တကွလာရောက်ပြီ။

၁၊ ချစ်သားရဟန်းတို့။ ဓတရဋ္ဌ,မည်သောနတ် မင်းကြီးသည်၊ အရှေ့မျက်နှာ၌ရှိ၊ နတ်အ ပေါင်းကိုသာသျှင်၊ဆုံးမ၏၊များသော အခြံအရံ ရှိသော။ထိုဓတရဋ္ဌ,မည်သောနတ်မင်းကြီးသည် အရပ်လေးမျက်နှာ၌နေကုန်သော၊ဂန္ဓဗ္ဗ, နတ်တို့ ကိုအစိုးရ၏၊များစွာကုန်သော။ဣန္ဒ,ဟူသော အ မည်ရှိကုန်သော၊ကြီးသော ခွန်အား ရှိကုန်သော

များသောအခြံအရံရှိကုန်သော။ထို နတ်မင်းကြီး၏၊သားတို့ သည်လည်း။ ဝမ်းမြောက်ကုန်သည်ဖြစ်၍။ရဟန်းတို့၏ အပေါင်းကို ဘူးမြင်ခြင်းငှါ။ဤမဟာဝုန်တောသို့လာကုန်ပြီ။

၂၊ ချစ်သားရဟန်းတို့။ဝိရုဠ္ဟ,မည်သောနတ်မင်းကြီးသည်၊တောင်မျက်နှာရှိ၊ နတ် အပေါင်းကိုသာသျှင်။ ဆုံးမ၏။ များသော အခြံ အရံ ရှိသော၊ထို ဝိရုဠ္ဟ,မည်သော၊ နတ်မင်းကြီးသည်။အရင်လေးမျက်နှာ၌နေသော။ ဂုမ္ဘန်တို့ကိုအစိုးရ၏၊ များစွာကုန်သော။ ဣန္ဒ,ဟူသော ဆမည်ရှိကုန်သော၊ကြီးသောခွန်အားရှိကုန်သော။နတ်တို့၏တန်ခိုးနှင့်ယှဉ်ကုန်သော။ကြီးသောအာနုဘော်ရှိကုန်သော။ ဆဆင်းလှကုန်သော။ များစွာသောအခြံအရံရှိကုန်သော။ထိုဝိရုဠ္ဟ,မည်သော၊ နတ်မင်းကြီး၏၊ သားတို့သည်လည်း။ ဝမ်းမြောက်ကုန်သည်ဖြစ်၍။ရဟန်းတို့၏ အပေါင်းကို၊ ဘူးမြင်ခြင်းငှါ၊ဤမဟာဝုန်တောသို့လာကုန်ပြီ။

၃။ ချစ်သားရဟန်းတို့ ပိရုပက္ခ,မည်သော နတ်မင်းကြီးသည်၊အနောက်မျက်နှာက ရှိသော နတ်အပေါင်းကိုသာလျှင်ဆုံးမ၏။များသော အခြံအရံရှိသော။ ထိုပိရုပက္ခ,မည်သော နတ်မင်းကြီးသည်။အရပ်လေးမျက်နှာ၌ရှိကုန်သော၊နဂါးတို့ကိုသာသျှင်အစိုးရ၏။များစွာကုန်သော၊ ဇာနု့,ဟူသောအမည်ရှိကုန်သော၊ကြီးသော ခွန်အားရှိကုန်သော။ နတ်တို့၏တန်ခိုးနှင့် ယှဥ်ကုန်သော၊ ကြီးသောအာနုဘော်ရှိကုန်သော။အဆင်းလှကုန်သော။ များသောအခြံအရံရှိကုန်သော။ ထိုပိရုပက္ခ,မည်သော၊ နတ်မင်းကြီး၏။ သားတို့သည်လည်း။ဝမ်းမြောက်ကုန်သည်ဖြစ်၍။ ရဟန်းတို့၏အပေါင်းကို။ဘုန်းမြင်ခြင်းငှါ။ ဤမဟာဝုန်တောသို့လာကုန်ပြီ၊

၄ ။ချစ်သားရဟန်းတို့။ ကုဝေရ,မည်သော နတ်မင်းကြီး သည်။ မြောက်မျက်နှာ ရှိ၊ နတ်အပေါင်းကိုသာလျှင်၊ဆုံးမ၏၊ များသော အခြံအရံရှိသော။ ထိုကုဝေရ, မည်သော။ နတ်မင်း

ကြီးသည်။ အရပ်လေးချက်နှာ၌နေသော၊ ဘိလုး, တို့ကိုသာလျှင်။ အစိုးရ၏။ များစွာကုန်သော၊ ဇာန္တု ဟူသောအမည်ရှိကုန်သော ကြီးသော ခွန်အားရှိ ကုန်သော။ နတ်တို့၏တန်ခိုးနှင့် ယှဉ်ကုန်သော။ ကြီးသော အာနုဘော်ရှိကုန်သော။ အဆင်းလှ ကုန်သော။ များသော အခြံအရံရှိကုန်သော။ ထို ကုဝေရ,မည်သောနတ်မင်းကြီး၏၊ သားတော်တို့ သည်လည်း၊ ဝမ်းမြောက် ကုန်သည်ဖြစ်၍။ ရ ဟန်းတို့၏ အပေါင်းကို၊ ဘူးမြင်ခြင်းငှါ၊ ဤမ ဟာဝုန်းတောသို့လာကုန်ပြီ။

ချစ်သားရဟန်းတို့၊ တသောင်းသော စကြာ ဝဠာ၌နေကုန်သော၊ ဓတရဋ္ဌ,မည်သော နတ်မင်း ကြီးတသောင်းသည်။ အသီးအသီး၊ ကုဋေတ သိန်း-ကုဋေတသိန်းသော။ ဂန္ဓဗ္ဗ,နတ်အပေါင်း ခြံရံလျက်လာ၍၊ ကပိလဝတ်ပြည်၏ အနီးဖြစ် သော၊ မဟာဝုန်တောကြီးမှစ၍၊ စကြာဝဠာတိုက် ကိုပြည့်စေ၍၊ အရှေ့မျက်နှာအရပ်က ရပ်လာပြီ။

တသောင်းသော စကြာဝဠာတိုက်၌ နေကုန်

သော။ ပိရင္ဂက, မည်သော၊ နတ်မင်းကြီး တ
သောင်းသည်။ အသီးအသီး- ကုဋေတသိန်း-ကု
ဋေ တသိန်းသော၊ ကုမ္ဘန်အပေါင်း ခြံရံလျက်
လာ၍။ကပိလဝတ်ပြည်၏အနီး၊ မဟာဝုန်တော
ကြီးမှစ၍ စကြာဝဠာတိုက်ကိုပြည့်စေ၍၊တောင်
မျက်နှာကာ။ချပ်လာကုန်ပြီ၊

တသောင်းသောစကြာဝဠာတိုက်၌ နေကုန်
သော။ပိရပက္ခ,မည်သောနတ်မင်းကြီးတသောင်း
သည်၊ အသီးအသီး၊ ကုဋေတသိန်း-ကုဋေတ
သိန်းသော'နဂါးအပေါင်းခြံရံလျက်လာ၍။ ကပိ
လဝတ်ပြည်၏အနီး၊ မဟာဝုန် တောကြီးမှစ၍။
စကြာဝဠာတိုက်ကို ပြည့်စေ၍။ အနောက်မျက်
နှာကရပ်လာကုန်ပြီ၊

တသောင်းသောစကြာဝဠာတိုက်၌ နေကုန်
သော။ ကုဝေရ,မည်သော၊ နတ်မင်းကြီး တ
သောင်းသည်၊အသီးအသီး။ ကုဋေတသိန်း ကု
ဋေတသိန်းသော။ ဘီလူး, အပေါင်း ခြံရံလျက်
လာ၍၊ကပိလဝတ်ပြည်၏အနီး။ မဟာဝုန်တော

ကြီးမှစ၍။ စကြာဝဠာတိုက်ကိုပြည့်စေ၍။ မြေခံ မျက်နှာကား၊ ရပ်လာကုန်ပြီ။

တသောင်းသောစကြာဝဠာတိုက်တွင်။ တခု တခုသောစကြာဝဠာ၌။ လေးယောက်ကုန်သော။ ထိုလေးသောင်းသော- မဟာရာဇ်, နတ်မင်းတို့ သည်။ အသီးအသီး-မိမိတို့၏ ကုဋေတသိန်းစီ အခြံအရံပါကုန်သျက်လာကုန်၍ ထက်ဝန်းကျင်မှ။ အချဝ်လေးမျက်နှာတို့ကို။ တော်ပစေကုန်လျက်။ ကပိလဝတ်ပြည်၏အနီး။ မဟာဝန်တောကြီးမှစ ၍၊ စကြာဝဠာထိအောင် အချပ်၌-ရပ်လာကုန်ပြီ။

[မှတ်ချက်။] ထိုနတ်မင်းကြီးလေးယောက်တို့အား။ သား တရာ့တယောက်စီ ရှိကုန်၏။ ထိုသားတို့၏ အမည်ကိုလည်း၊ အခြားမရှာမူ၍။ သိကြားမင်း၏အမည်ကို၊ ယူပြီးလျှင်။ ဣန္ဒ-ဟူသောအမည်ကိုသာမှည့်ခေါ်ကြ၏။

ထို မဟာရာဇ် နတ်မင်းကြီးတို့၏။ ပြုဆဲ သောမကောင်းမှုကို၊ ဖုံးလွှမ်းခြင်းလက္ခဏာ ရှိ သော၊ မာယာ, နှင့် ယှဉ်ကုန်သော၊ မျက်မှောက်

ဟူည့်စား,တတ် ကုန်သော။ စဉ်းလဲ့,တတ်ကုန်သော၊ရှစ်ယောက်သော ကျွန်တို့သည်၊လာကုန်ပြီ၊

{၁}ကုဍ္ဍဓာနမည်သော- ကျွန်။ {၂}ဝိဓာနမည်သော-ကျွန်၊ {၃}ဝိဍ္ဍူတမည်သော-ကျွန်။ {၄}ဝိဍ္ဍူတမည်သော-ကျွန်၊ {၅}စဏ္ဍမည်သော-ကျွန်၊ {၆}ကာမသေဋ္ဌ မည်သော-ကျွန်။ {၇}ကိန္နုဃဏ္ဍုမည်သော-ကျွန်၊ {၈}နိဃဏ္ဍုမည်သော-ကျွန်၊ ဤသို့အလုံးစုံ ဖြစ်ကုန်သော၊ထိုကျွန်တို့သည်၊ဟူည့်ပတ်ခြင်း 'မာယာ' တတ်ကုန်သည်ချည်းတည်း၊

ဝိဍ္ဍူတမည်သောကျွန်သည်၊ထို-ကုဍ္ဍဓာန၊ ဝိဓာန, ဝိဍ္ဍူတ,စဏ္ဍ,ကာမသေဋ္ဌ, ကိန္နုဃဏ္ဍု, နိဃဏ္ဍုမည်သော။ကျွန်-တော်ခြင်းတို့နှင့်တကွ လာကြကုန်ပြီ။

ပနာဒ-မည်သောနတ်သား လည်းကောင်း၊ ဩပ- မည်သော၊ နတ်သား လည်းကောင်း၊ သိကြား- နတ်မင်း၏။ ရထားထိမ်း ဖြစ်သော၊

မာတလိနတ်သားလည်းကောင်း၊ စောင်းတီးတတ်သော၊ ဂန္ဓဗ္ဗ-နတ်မျိုးဖြစ်သော၊ စိတ္တမည်သော-နတ်၊ သေန-မည်သောနတ်၊ စိတ္တသေန မည်သောနတ်လည်းကောင်း၊ ကြူထချန်သည်သား ဖြစ်ဘူးသော၊ နတ်သားလည်းကောင်း၊ ဇနေသဘ မည်သောနတ်သားလည်းကောင်း၊ ပဉ္စသိခမည်သောနတ်သားလည်းကောင်း၊ တိမ္ဗရု မည်သော၊ နတ်မင်းလည်းကောင်း၊ နေမင်းကဲ့သို့ အရောင်တလက်လက်ထွက်သည်ဖြစ်၍၊ သုရိယဝစ္ဆာ-အမည်ရှိသော၊ နတ်သမီးလည်းကောင်း၊ ဤသို့လျှင်ထိုနတ်အပေါင်းတို့သည်၊ လာကြကုန်ပြီ၊

ထိုဂန္ဓဗ္ဗ,နတ်တို့သည်လည်းကောင်း၊ ဂန္ဓဗ္ဗနတ်မင်းကြီးတို့နှင့်တကွ၊ တပါးသောနတ်မျိုးတို့သည်လည်းကောင်း၊ ဝမ်းမြောက်ကြ ကုန်သည်ဖြစ်၍၊ ရဟန်းတို့၏အပေါင်းကို၊ ဘူးမြင်ခြင်းငှါ၊ ဤမဟာဝန်တောသို့ရှေးရှုလာကြကုန်ပြီ။

## နတ်တို့လာခြင်းမှတပါး၊နဂါးတို့လာခြင်းကို {ပြဆိုအံ့၊}

နာဂသ-အိုင်၌ နေကုန်သော၊ နဂါးတို့သည်ထည်းကောင်း၊ဝေသာလအိုင်၌နေသော၊နဂါးတို့သည်လည်းကောင်း၊ တစ္ဆကနဂါး,ပရိဿတ်နှင့်တကွ၊လာရောက်ကုန်ပြီ။

ကမ္ဗလ-မည်သော နဂါးမင်း၊မြင့်မိုရ်တောင်ခြေ၌ နေသော- နဂါးမင်း။ အဿတရ မည်သော-နဂါးမင်းတို့ သည်လည်းကောင်း၊ ပယာဂ-ဆိပ်၌ နေကုန်သော။ နဂါးတို့ သည်လည်းကောင်း၊ အဆွေအမျိုး သားချင်းတို့နှင့် အတူတကွ၊လာကြကုန်ပြီ။

များသောအခြံအရံရှိသော၊ယမုနာ,မြစ်နား၌နေကုန်သော၊နဂါးတို့သည်လည်းကောင်း၊ ဓတရဋ္ဌ အမျိုးဖြစ်ကုန်သော၊ နဂါးတို့ သည်လည်းကောင်း၊လာပြီ၊

ဧရာဝဏ်မည်သော၊သိကြားမင်း၏စီးတော်

ဆင်သည် ရှိ၏။ ထို ဧရာဝဏ် ဆင်မင်း သည် ထည်း၊ ရေပဟာ ၁-ငါးရာတို့၏ အပေါင်းကို၊ ဘုုး မြင်ခြင်း၌၊ ချဉ်းကပ်လာပြီ၊

ဧရာဝဏ် ဆင်ကား။ တိရစ္ဆာန် ဖြစ်သော။ ဆင်စစ်မဟုတ်၊ နတ်သားတည်း။ သိကြားမင်း ထွက်တော်မူသော အခါ၊ ဆင်အဟာန် ဘန်ဆင်၊ ၍လိုက်ရသည်။သိကြားမင်းသည်။ထိုဆင်တော် ကိုစီးသည်။ထို့ကြောင့်၊(ဧရာဝဏ်)ဆင်ဟု ခေါ် ဝေါ်ကြသည်။

---

နဂါးတို့သာခြင်းမှတပါး။ဂဠုန်တို့လာခြင်းကို၊
{ ပြဆိုအံ့။ }

နတ်တို့၏တန်ခိုးအာနုဘော်နှင့် ပြည့်စုံသော အမိဝုမ်း-ဥဠုန်နှစ်ပါးမှဖြစ်ကုန်သော။အတောင်ရှိ ကုန်သော၊ယူဇနာ-တရာ-တထောင် အတွင်း၌။ နဂါးတို့ကိုမြင်ခြင်း၌ါစွမ်းနိုင်သော၊ စင်ကြယ် သောမျက်စိရှိကုန်သော၊ အကြင် ဂဠုန်မင်းတို့

သည်။နဂါးမင်းတို့ကို၊အနိုင်အထက်၊နှိပ်စက်၍၊ ခေါင်ယူတတ်ကုန်၏။ ထိုဂဠုန်မင်း တို့သည်။ ကောင်းကင်ဖြင့်၊မဟာဝုန်တောကြီးအလယ်သို့။ လာခေါက်ကုန်ပြီ၊

ထိုဂဠုန်မင်းဘို့၏အမည်ဘို့ကား၊(စိတြာသုသုပဏ္ဏာ) မည်ကုန်၏ ။ထိုအခါ၌၊ နဂါးမင်းတို့အား၊ကြောက်ခြင်း မရှိသည့်ဖြစ်၏။ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည်။ဂဠုမင်းမှ ဘေးမရှိသည်ကို။ပြုတော်မူပြီ။

နဂါးမင်းတို့သည့်လည်းကောင်း၊ ဂဠုန်မင်းတို့ သည်လည်းကောင်း။ သိမ်မွေ့ နူးညံ့သောစကားတို့ဖြင့်။ အချင်းချင်းခေါ်ဝေါ် ပြောဆိုကြကုန်လျက်၊ မြတ်စွာဘုရားကို၊ ဆည်းကပ်ကိုးကွယ်ခြင်းပြုကြလေကုန်ပြီ။

သိကြားမင်းသည်။အောင်အပ်ကုန်သော သမုဒ္ဒရာကိုမှီ၍နေကုန်သော၊ ကြီးသော တန်ခိုးရှိကုန်သော၊ များသောအခြံအရံရှိကုန်သော။ ထို

အသူရာတို့တွင်၊ကာလကဉ္စိကအသူရာတို့သည် သိကြားမင်း၏၊ အသူရာမင်း-ဘွဲ့-သုဇာတာဟူ သောအကြောင်းကြောင့်။ ညိုနေ့ခင်မည်ကုန်၏၊ ထိုအသူရာတို့တွင်၊ ကာလကဉ္စိက အသူရာတို့ သည်။ကြောက်မက်ဘွယ်သော အတ္တဘောကို၊ ဘန်ဆင်းကုန်သည်ဖြစ်၍။လာကုန်ပြီ၊

ဒါနဝေဃသ-မည်သော၊အသူရာ-လေး သ မားတို့သည်လည်းကောင်း၊ဝေပစိတ္တိ မည်သော အသူရာတို့ သည်လည်းကောင်း၊ သုစိတ္တ- မည် သော၊အသူရာသည်လည်းကောင်း၊ ပဟာရာဒ- မည်သော၊အသူရာ သည်လည်းကောင်း၊ ဤသို့ လျှင်။ ထိုအသူရာ အပေါင်းတို့နှင့် အတူတကွ၊ မာရ်နတ်သည်။လာရောက်ပြီ၊

ဗလိ-မည်သော။ မဟာအသူရာ၏ သားဖြစ် သော။ အသူရာတို့၏။ တရာတို့ သည်သာလျှင် ဖြစ်ကြ၍၊ ခပ်သိမ်းကုန်သော၊ ဦးမိုးအသူရိန်၏ (ဝေရောစ)ဟူသောအမည်ကို၊ဆောင်ကုန်သော အသူရာတို့သည်၊ဗလိ-မည်သောအသူရာ၏၊စစ်

သည်အပေါင်းကို။ ဗုဂ္ဂိုလ်စီရင်၍၊ ယခု-အရှင်အသူ ရိနိန္နတ်မင်းကြီးအား။ ကောင်းခြင်းသည်၊ ဖြစ်စေ သတည်း။ မဟာဝန်တောသို့ကပ်၍၊ ရဟန်းတို့၏ အပေါင်းကို။ ဘုရားမြင်ခြင်း၄ါ၊ နတ်တို့ စည်းဝေးအံ့ သောအခါတည်း၊ ဤသို့နှလုံးသွင်း၍၊ ကောင်း ခြင်းရှိသော၊ အသူရိန် နတ်မင်းကြီးသို့။ ကပ်လာ ကုန်ပြီ။

{က} ထိုအခါ၌၊ (၁) အာပေါ မည်သော၊ နတ် လည်းကောင်း၊ (၂) ပထဝီ မည်သော၊ နတ် လည်းကောင်း။ (၃) တေဇော မည်သော နတ် လည်းကောင်း၊ (၄) ဝါယော မည်သော နတ်လည်းကောင်း၊ (၅) ဝရုဏ မည်သောနတ် လည်းကောင်း။ (၆) ဝါရုဏ မည်သော နတ် သည်လည်းကောင်း၊ (၇) သောမ မည်သော နတ်သည် လည်းကောင်း။ အခြံအရံ အပေါင်းနှင့် တကွလာကုန်ပြီ၊ များသောအခြံအရံ ရှိကုန်သော (၈) မေတ္တာ မည်သော၊ နတ် လည်းကောင်း။

(၉) ကာရဏာ မည်သော၊ နတ်လည်းကောင်း၊ (၁၀) ကာယိက မည်သော၊ နတ်တို့သည်လည်း ကောင်း။ လာရောက်ကုန်ပြီ။

အထူးထူးသော အဆင်းရှိကုန်သော နတ်တို့၏ တန်ခိုးနှင့်ယှဉ်ကုန်သော။ ကြီးသောအာနုဘော်ရှိကုန်သော၊ အဆင်းလှကုန်သော၊ များသောအခြံအရံရှိကုန်သော။ ဆယ်ပါးအပြားအားဖြင့် တည်ကုန်သော၊ ခဝ်သိမ်းကုန်သော။ ထို တကျိပ်သော ဂိုဏ်းသီး-ဂိုဏ်းကွဲ နတ်တို့သည်။ ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ ရဟန်းတို့၏ အပေါင်းကို၊ ဘူးမြင်ခြင်းငှါ။ ဤမဟာဝုန်တောကြီးသို့ လာကြလေကုန်ပြီ။

[မှတ်ချက်။] အာပေါကသိုဏ်းစသည်တို့၌။ အဘန်တလဲလဲ။ စီးဖြန်းခြင်း ပရိကံကိုပြု၍။ အပ္ပနာသို့ မရောက်မှီ၊ ရှေးအဘို့၌ဖြစ်သော။ ဥပစာရဈာန်ဖြင့် ဖြစ်ကုန်သော။ နတ်တို့သည်၊ အာပေါနတ်စသည် မည်ကုန်၏။ ။ဥပစာရဈာန်ဆိုသည်ကား။ အာပေါစသဖြင့်။ စီးဖြန်းသော၊ ကာမာဝစရ-ကုသိုလ်တည်း။

{ ၁ } ချစ်သား ရဟန်းတို့။ (၁) ဝေဿု မည်
သော နတ်သား သည်လည်း ကောင်း၊
(၂) သဟာလိ မည်သော၊ နတ်သည်လည်းကောင်း
(၃) အသမာ မည်သော၊ နတ်တို့ သည်လည်း
ကောင်း။ နှစ်ယောက်ကုန်သော၊ (၄-၅) ယမခ
မည်သောနတ်တို့သည်လည်းကောင်း။ လာကုန်
ပြီ၊ (၆) လ-နတ်သားကိုမှီ၍နေကုန်သော၊ နတ်
တို့သည်၊ လ-နတ်သားကိုရှေ့သွားပြု၍။ လာကုန်
ပြီ။ (၇) နေနတ်သားကိုမှီ၍နေကုန်သော နတ်တို့
သည်။ နေနတ်သားကိုရှေ့သွားပြု၍ လာကုန်ပြီ၊
(၈) နက္ခတ်နတ်သားကိုမှီ၍ နေကုန်သော၊ နတ်
တို့သည်။ နက္ခတ်နတ်သားတို့ကို။ ရှေ့သွားပြု၍
လာကုန်ပြီ။

[မှတ်ချက်။] လ-နေ-နက္ခတ် တို့၏။ ရှေ့-နောက်-ဝဲ-ယာ
တို့၌။ ပြေးသွားတတ်ကုန်သော။ နတ်တို့သည်
လ-နေ-နက္ခတ်တို့ကို။ မှီ၍ဖြစ်ကုန်သော။ နတ်တို့မည်ကုန်၏။

(၉) မန္ဒဝလာဟက မည်သော၊ တိမ်နတ်သား
သည်လည်း၊ လာကုန်ပြီ၊ (၁၀) ဝသု မည်သော

နတ်မျိုးတို့ထက်မြတ်သော၊ ဝါသဝ အနွယ်ဖြစ်သော၊အလှူကို လက်ဦးပေးဘူးသော။ သိကြားမင်းသည်လည်း၊လာပြီ။

အထူးထူးသော၊ အဆင်းရှိကုန်သော။နတ်တို့၏ဘုန်းခိုးနှင့်ယှဉ်ကုန်သော။ကြီးသော အာနုဘော်ရှိကုန်သော၊ အဆင်းလှကုန်သော။ များသောအခြံအရံရှိကုန်သော၊ ဆယ်ပါးသော အပြားဖြင့်တည်ကုန်သော။ခဝ်ဆိမ်းကုန်သော။ ထိုတကျိပ်သော၊ဂိုဏ်းသီး-ဂိုဏ်းခွဲ နတ်တို့သည်။ဝမ်းမြောက် ကုန်သည်ဖြစ်၍၊ ရဟန်းတို့၏ အပေါင်းကို။ဘူးမြင်ခြင်းငှါ။မဟာဝုန်တောသို့ လာကြကုန်ပြီ၊

{ ဂ } ချစ်သားရဟန်းတို့။ထိုမှတပါး၊ မိုးတော၌

(၁) မိုးချုံကဲ့သို့တောက်ပကုန်သော၊ သဟာဘူ-မည်သော၊နတ်တို့ သည်လည်းကောင်း

(၂)ခုဝ်ခတ်ပန်းနှင့်တူသောအဆင်းရှိကုန်သော။ အရိဋ္ဌက-မည်သော၊နတ်တို့သည်လည်းကောင်း

(၃) ရောဇ- မည်သော၊ နတ်တို့ သည်လည်း

ကောင်း။ (၄)ဝရုဏာမည်သော။ နတ်တို့သည် လည်းကောင်း။ (၅)သဟာဝမ္မ-မည်သော။ နတ် တို့ သည်လည်းကောင်း။ (၆)အစ္စုတာ- မည် သော၊နတ်တို့ သည်လည်းကောင်း၊ (၇)အနေ ဇက-မည်သော၊ နတ်တို့ သည်လည်းကောင်း။ (၈) သုဒလယျ-မည်သောနတ်။ (၉)ရုစိရမည် သော။နတ်တို့သည်လည်းကောင်း။ (၁၀)ဝါသ ဝနေသိ-မည်သော၊နတ်တို့ သည်လည်းကောင်း လာကုန်ပြီ၊

အထူးထူးသောအဆင်းရှိကုန်သော၊နတ်တို့ ၏တန်ခိုးနှင့်ယှဉ်ကုန်သော။ကြီးသောအခြံအရံ ရှိကုန်သော၊အဆင်းလှကုန်သော။များသောအခြံ အရံရှိကုန်သော။ ဆယ်ပါးအပြားဖြင့် တည်ကုန် သော၊အလုံးစုံသော၊ထိုတကျိပ်သော၊ ဂိုဏ်းသီး ဂိုဏ်းကွဲ နတ်တို့သည်၊ ဝမ်းမြောက်ကုန်သည် ဖြစ်၍ ရဟန်းတို့၏အပေါင်းကို၊ ဘုရားမြင်ခြင်းငှါ၊ မဟာဝုန်တောသို့၊ရှေးရှုလာကုန်ပြီ၊

{၈၁} ချစ်သားရဟန်းတို့။ (၁) သမာန-မည်

သော၊နတ်တို့သည်လည်းကောင်း။ (၂) မဟာသမာန-မည်သော၊နတ်တို့သည်လည်းကောင်း။ (၃)မာနုသ- မည်သော။ နတ်တို့ သည်လည်းကောင်း၊(၄)မနုဿုတ္တမ မည်သော။နတ်တို့သည်လည်းကောင်း။ (၅)ပျော်ရွှင်မြူးတူးခြင်း များသဖြင့်။ အစာ,စားချိန်ကိုလွန်၍၊ ပျက်စီးတတ်သောကြောင့်။ခိဍ္ဍာပဒေါသိက-မည်သော၊ နတ်တို့ သည်လည်းကောင်း။ လာကုန်ပြီ၊ (၆)အမျက် ထွက်ခြင်း ပြင်း၍။ ပျက်စီး တတ်သောကြောင့်၊ မနောပဒေါသိက-မည်သော။ နတ်တို့သည်လည်းလာကုန်ပြီ၊ ထိုမှတပါးလည်း၊(၇)ဟရိ မည်သော၊ နတ်တို့ သည်လည်းကောင်း။ (၈) လောဟိတဝါသိ-မည်သော၊အကြွင်နတ်တို့သည်လည်းကောင်း၊လာကြကုန်ပြီ။ (၉) ပါရာဂ-မည်သော၊ နတ်တို့ သည်လည်း ကောင်း၊ (၁၀)များသော အခြံအရံရှိကုန်သော၊ မဟာပါရဂ-မည်သော၊နတ်တို့သည်လည်းကောင်း၊လာရောက်ကုန်ပြီ၊ ဂိုဏ်းသိး-ဂိုဏ်းခြား ဆယ်မျိုး

ပြားသော၊ နတ်တို့သည်၊ အသိ-အသိများသော အခြံအရံရှိကုန်၏။ သမာန-နတ်မင်းအစ။ မဟာ ပါရဂနတ်မင်းအဆုံးရှိကုန်သော၊ ဆယ်မျိုးသော နတ်တို့သည်။ ဆယ်ပုံအားဖြင့်တည်ကုန်၏။ ခပ် သိမ်းကုန်သော၊ နတ်မျိုးဆယ်ဂိုဏ်းတို့သည်။ အ ညို-အရွှေ-စသောအားဖြင့်။ အထူးထူး- အထွေ ထွေ အဆင်းရှိကုန်၏၊ တန်ခိုးအာနုဘော်ကြီးကြ ကုန်၏၊ ကိုယ်အရောင်အဝါနှင့်ပြည့်စုံကုန်၏။ များ သော အခြံအရံ ရှိကြကုန်၏။ ဝမ်းမြောက်ကုန် သည်ဖြစ်၍၊ ရဟန္တာ-ငါးရာတို့၏ အပေါင်းကို၊ ဘုရားမြင်ခြင်းငှါ၊ ဤမဟာဝုန်တောကြီးသို့။ လာ ရောက်ကြကုန်ပြီ၊

{င} ချစ်သားရဟန်းတို့။ (၁) သုဒ္ဓ-မည်သော နတ်တို့သည်လည်းကောင်း၊ (၂) ကာရအ္ဓ မည်သော၊ နတ်တို့သည်လည်းကောင်း။ (၃) အ ရုဏ-မည်သော။ နတ်တို့ သည်လည်းကောင်း၊ လာကြကုန်ပြီ။ ။ထိုသုံးယောက်သောနတ်တို့နှင့် တကွ။ (၄) ဝေဃနသ-မည်သောနတ်တို့သည်

လာကြလေပြီ။ (၅) ဩဒါတာဂယှ-မည်ကုန် သော။အကြီးအမှူးဖြစ်ကုန်သော၊ နတ်တို့သည် လည်းကောင်း။ (၆) ဝိစက္ခု-မည်သော ။နတ် တို့သည်လည်းကောင်း၊ လာကုန်ပြီ၊ (၇) သဒါ မတ္တ-မည်ကုန်သော။နတ်တို့သည်လည်းကောင်း (၈)ဟာရဂဇ-မည်သောနတ်တို့သည်ရင်း။(၉) များသော အခြံအရံရှိသော၊ မိဿကမည်သော၊ နတ်တို့သည်ရင်း လာကြကုန်ပြီ၊ (၁၀)အကြင် ပဇ္ဇုန်နတ်သည်၊ အကြင်အကြင် အရပ်တို့သို့။ လှည့်လည်၍သွား၏။ ထိုထိုသော အရပ်တို့၌။ မိုးယံသည်၊ သည်းထန်စွာရွာ၏၊ ထိုမိုးယံနတ် သားသည်၊ မိုးယံတို့ကို။ထစ်ချုန်းကြိုးစေလျက်။ လာကဲ့လေပြီ၊

အထူးထူးသောအဆင်း ရှိကုန်သော၊ ကြီး သော အာနုဘော် ရှိကုန်သော၊ အဆင်းလှကုန် သော။များသော အခြံအရံရှိကုန်သော၊ဆယ်မျိုး အပြားအားဖြင့်တည်ကုန်သော၊ အလုံးရုံသော၊ ထိုတကျိပ်သော၊ ဂိုဏ်းသီးနတ်တို့သည်၊ ဝမ်း

မြောက်ကုန်သည်ဖြစ်၍၊ ရဟန်းတို့၏အငှပေါင်းကို ဘုုမြင်ခြင်း၌။ မဟာဝန်တောသို့ ရှေးရှုလာကြကုန်ပြီ၊

[မှတ်ချက်။] ဤသုတ္တစသောအမည်တို့ကား။ ဗိုဏ်းမှလာသောအမည်တို့တည်း။

{ ၈ } ချစ်သား ရဟန်းတို့။ (၁)ခေမိယ-မည်သော၊ နတ်တို့သည်လည်းကောင်း၊ (၂) တုသိတာဘုံ၌နေကုန်သော၊ နတ်တို့ သည်လည်းလည်းကောင်း။ (၃)ယာမာဘုံ၌ နေကုန်သော၊ နတ်တို့ သည်လည်းကောင်း၊ (၄) များသောအခြံအရံရှိကုန်သော၊ ကဋ္ဌကမည်သော-နတ်တို့ သည်လည်းကောင်း။ (၅)လမ္ဗိတက-မည်သောနတ်တို့သည်လည်းကောင်း၊ (၆)လာမသေဋ္ဌ-မည်သော၊ နတ်တို့ သည်လည်းကောင်း။ (၇) တောင်ထိပ်၌။ မီးပုံကြီးကဲ့သို့။ တောက်ပခြင်းကြောင့်၊ ဇောတိ-မည်သောနတ်တို့သည်လည်းကောင်း။ (၈)အာသဝ,အာသာ,မည်သော။နတ်

တို့ သည်လည်းကောင်း။ (၉)နိမ္မာနရတိ ဘုံ၌။ နေကုန်သော။ နတ်တို့သည်လည်းကောင်း။ လာရောက်ကုန်ပြီ၊ (၁၀)ထိုဆိုခဲ့သည်မှ တပါး၊ပရနိမ္မိတဘုံ၌နေကုန်သော။နတ်တို့သည်ရင်း၊လာကုံပြီ၊နတ်တို့၏အလူးလူးသောအဆင်းရှိကုန်သောကြီးသောတန်ခိုးရှိကုန်သော၊အဆင်း လှကြကုန်သော။များသောအခြံအရံရှိကုန်သော၊ ဆယ်ပါးအပြားအားဖြင့်၊ တည်ကုန်သော၊ အလုံးစုံသောတကျိပ်သော ဂိုဏ်း၊သီးခြား နတ် အပေါင်းတို့သည်။ဝမ်းမြောက်ကုန်သည်ဖြစ်၍။ခုဟန်းတို့၏အပေါင်းကို၊ဘုးမြင်ခြင်းငှါ။ဤမဟာဝုန်တောသို့လာရောက်ကုန်ပြီ။

မြောက်ဆယ်ကုန်သော့။ အလုံးစုံ။ အာပေါနတ်ဆေ၀,ပရနိမ္မိဘာ,နတ်အသုံး ရှိကုန်သော၊ ဤဂိုဏ်းသီး,ဂိုဏ်းကွဲ,နတ်တို့သည်။ အညို-အရွှေစသော အားဖြင့်၊ အလူးလူး-အဝေ့ဝေ့- အဆင်းရှိကြကုန်သည်ဖြစ်၍၊ အာပေါနတ်,ပထဝီနတ်,အစရှိသော၊အမည်သညာ အသီးသီးအား

ဖြင့်၊လာရောက်ကြကုန်ပြီ၊ ။တပါးသောစကြာဝဠာနှိုက်နေကုန်သော၊အကြင်အကြင် နတ်တို့သည်လည်း။ဆိုကဲ့ပြီးသော။အာပေါနတ် စသည်တို့နှင့်၊အမည်-အနွယ်-အဆင်းအားဖြင့်၊တူကြကုန်၏။ထိုတပါးသော စကြာဝဠာ တသောင်း၌၊နေကြသော။ နတ်တို့ သည်လည်း။ ထိုအာပေါစသည်တို့နှင့်တကွ၊ လာရောက်ကြ လေကုန်ပြီ၊

[မှတ်ချက်။] ဤစကားအစဉ်ဖြင့်။တသောင်းသော စကြာဝဠာ၌ နေကုန်သော။ နတ်အပေါင်းတို့၏။ လာရောက်ခြင်းကို။တပေါင်းတည်းပြ၍။ ပြတော်မူသတည်း။ အဋ္ဌကထာ။ ။

ကင်းပြီးသော ဘဝရှိသော။ ရာဂ-ဒေါသ-မောဟ-တည်းဟူသော ညောင့်တံသင်းကင်းပြီးထသော။ဩဃလေးပါးကို။ လွန်မြောက်ပြီးထသော။ အာသဝတရား လေးပါး မရှိထသော။ ရဟန္တာ-ငါးရာအပေါင်းကိုရင်း၊ဩဃလေးပါးကို။ကူးမြောက်တော်မူပြီးထသော။ အကုသိုလ်

ကိုပြုတော် မမူထသော။ မည်းညစ်ခြင်း၏ အကြောင်းဖြစ်သော၊ကိလေသာတို့ကို၊ လွှန်မြေ့တော်မူပြီးထသော၊ရွှေလမင်းကြီးကဲ့သို့။ ကြက်သရေတော်ဖြင့်၊တင့်တယ်တော်မူသော၊ မြတ်စွာဘုရားကိုရင်း။ဘူးမြင်ကြကုန်အံ့။ဤသို့နှလုံးပြု၍၊လာကြကုန်ပြီ၊

ချစ်သားရဟာန်းတို့၊ဤသံဃာတော်အပေါင်းကို၊ဘူးမြော်ခြင်း။ငါဘုရားကို ဘူးမြှော်ခြင်း၊အခကျိုး၄ါ။ဤစကြာဝဠာ၊တပါးသောစကြာဝဠာ၌၊နေကြကုန်သော၊ဂိုဏ်းသီး-ဂိုဏ်းခြား၊ ခြောက်ဆယ်။ ခြောက်ဆယ်သော နတ်မျိုး အများတို့သည်။ဝမ်းမြောက်စွာ။ဤမဟာဝုန့်တောကြီးသို့၊ရှေးရှုလာကြကုန်ပြီ။

ဂိုဏ်းခြောက်ကျိပ်စသောနတ်တို့ကို
ပြရာ။ ပြီး၏၊

ယခုအခါ-ဖြဟ္မာတို့ကိုဆိုရာ၊
ဂါထာတို့ကား၊
ဤသို့သိအပ်ရာ၏။

ချစ်သား ရဟန်းတို့၊ သုဖြဟ္မာ, မည်သော ဖြဟ္မာသည်လည်းကောင်း။ ပရမတ္တ-မည်သော ဖြဟ္မာ,သည်လည်းကောင်း၊ဤနှစ်ယောက်သော ဖြဟ္မာတို့သည်။ကြီးသောတန်ခိုးရှိတော်မူသော။ မြတ်စွာဘုရား၏ သားတော်ဖြစ်ကုန်သော၊ အရိယာဖြဟ္မာတို့တည်း။ထို ဖြဟ္မာ,နှစ်ဦးတို့ သည်လည်း။အတူတကွ-လာကြကုန်ပြီ၊ သနက်ုမာရ မည်သော၊ ဖြဟ္မာသည်လည်းကောင်း။ တိဿ မည်သော၊ဖြဟ္မာသည်လည်းကောင်း။ထို ဖြဟ္မာ နှစ်ဦးတို့သည်လည်း၊ရဟန္တာတို့၏အပေါင်းကို။ ဘုန်းမြင်ခြင်းငှါ၊မဟာဝုန် တောသို့၊ရှေးရှုလာကြ ကုန်ပြီ။

လက်တချောင်းဖြင့်။ စကြာဝဠာ တထောင်။ လက်ဆယ်ချောင်းဖြင့်။စကြာဝဠာတသောင်းကို

အရောင်အဆင်း နှုန်းစေခြင်းငှါ။ စွမ်းနိုင်သော၊ မဟာပြဟ္မာမင်းတို့၏၊ တထောင်,သည်။ လာခဲ့လေပြီ။ ပြဟ္မာဘုံ၌ ကိုယ်ထင်ရှား ဖြစ်ကုန်သော၊ အာနုဘော်နှင့်ပြည့်စုံသော။ ကြီးသောကိုယ်ရှိထသော။ ကိုယ်၏ တင့်တယ်ခြင်း။ ကြက်သရေနှင့်ပြည့်စုံပေထသော ။ များစွာသော အခြံအရံ ရှိသော၊ ထိုတယောက်,တယောက်သော။ ပြဟ္မာကြီးသည်၊ တပါးသော ပြဟ္မာတို့ကို၊ ရဏ်အားဖြင့်လွှမ်းမိုး၍တည်၏၊ ထိုတထောင်သော ပြဟ္မာတို့ဘွင်၊ အသီးအသီး။ မိမိတို့၏ အလိုကို။ လိုက်စေနိုင်ကုန်သော၊ တကျိပ်အရေအတွက်ရှိသော။ အစိုးရကုန်သော၊ ပြဟ္မာကြီးတို့သည်၊ လာကြကုန်ပြီ၊

ထို တကျိပ်သော၊ ပြဟ္မာတို့၏ အလယ်၌၊ ဟာရိတ, မည်သော-ပြဟ္မာမင်းသည်၊ တသိန်းသောပြဟ္မာအပေါင်းခြံရံလျက်။ လာခဲ့လေပြီ။ ။

သိကြားမင်းကို၊ အကြီးအမှူးပြု၍၊ အလုံးစုံသိကြားမင်းနှင့်တကွသော။ ထိုနတ်တို့ကိုလည်း

ကောင်း၊ ဟာဂရိတပြဲပဟ္မာကို။ အကြီးအမျိုးပြုစ၍၊ လာကုန်သော၊ အသုံးရုံသော။ ပြဲပဟ္မာမင်းနှင့် တကွ ကုန်သော၊ ထိုပြဲပဟ္မာမင်းတို့ကို လည်း ကောင်း၊မာရ်စစ်သည် အပေါင်းသည်၊ လွှမ်းမိုး၍လာ၏၊ထိုမာရ်စစ်သည်,အပေါင်း၊ လွှမ်းမိုး၍ လာသော အခါ၌၊ မြတ်စွာဘုရားသည်၊ ဤသို့ မိန့်တော်မူ၏၊

[ဘုရားအမိန့်။] အိုချစ်သားရဟန်းတို့၊ မာရ်နတ်၏ မိုက်သော အပြစ်ကို။ သင်ချစ်သားတို့ ရှုကြစမ်းလော။

[ရဟန်းတော်များ။] အမိန့်တော်မြတ် အတိုင်း။ ရှုကြပါကုန်အံ့ဘုရား။

[မာရ်နတ်။] အို-စစ်သည်တော်အပေါင်းတို့၊သင်တို့သည် လာကြကုန်။ ဤနတ်-ပြဲဟ္မာ အပေါင်းကို၊ ဘမ်းကြကုန်။ နှောင်ဖွဲ့ကြကုန်လော၊ရာဂဖြင့် နှောင်ဖွဲ့ခြင်းသည်။ ဖြစ်စေသတည်း။ ထက်ဝန်းကြင်မှ၊ ဝိုင်းရံကြကုန်လော။ သင်စစ်သည် အပေါင်းတို့တွင်။ တစုံတယောက်သော သူသည်။ ထိုနတ်-ပြဲဟ္မာတို့တွင်၊တယောက်ယောက်ကိုမျှ၊ မလွှတ်လိုက်ကြနှင့်။ဤသို့ ထိုနတ်-ပြဲဟ္မာ အစည်း အဝေးကြီး၌၊ များ

သောစစ်သည်ရှိသောမာရ်နတ်မင်းသည်။လက်ဝါးဖြင့် မြေအပြင်ကိုခပ်၍။ကြောက်မက်ဘွယ်သောအသံကိုပြု၍။ မာရ်စစ်သည်အပေါင်းကို။စေလွှတ်၏။လျှပ်စစ်နှင့်တကွ ချုံးလျက်။သည်းထန်စွာရွာသော မိုဃ်းကြီးကဲ့သို့။ ထိုအခါ၌-ထိုမာရ်နတ်သည်။မိမိအလိုသို့လိုက်စိမ့်သောငှါ။မတတ်နိုင် သည့်၏အဖြစ်ကြောင့်။ ပြင်းစွာအမျက်ထွက်၍။ ကြောက်မက်ဘွယ်ကိုပြုလျက်။အရပ်တပါးသို့။တပ်ကိုနှုပ်၍။ဆုပ်ခွာထွက်ပြေးလေ၏။

ထိုအခါ-စကျင်ါးပါးနှင့် ပြည့်စုံတော်မူသော။ မြတ်စွာဘုရားသည်။ထိုအလုံ စုံသောမာရ်နတ်အမှုအရာကိုလည်း။ထူးသောဉာဏ်ဖြင့်သိတော်မူ၍။သက်တွင် တင်ထားသောပတ္တမြား-မျက်ရှင်ကဲ့သို့။ မျက်မှောက် ပိုင်းခြားတော်မူ၍။သိက္ခာသုံးပါးဟုဆိုအပ်သော။သာသနာတော်မြတ်၌။မွေ့လျော်ကုန်သော။တပည့်သားတော်တို့ကို။ ခေါ်၍မိန့်တော်မူ၏။

[ဘုရား။] အိုဲ-ချစ်သားရဟန်းတို့။ မာရ်စစ်သည်တို့သည်။လာကြကုန်ပြီ။ သင်ချစ်သားတို့သည်။ ထိုမာရ်စစ်သည်တို့ကို။သိအောင်ပြုကြကုန်လော။ဤသို့မိန့်တော်မူပြီ။
[ရဟန်းတော်များ။] ထိုရဟန္တာအပေါင်းတို့သည်လည်းမြတ်စွာဘုရား၏အမိန့်တော်မြတ်ကို။ရှိသေစွာနာကြကုန်၍၊သိမြင်အောင်။အားထုပ်ခြင်းကို။ပြုကြလေကုန်ပြီ။

[မာရ်စစ်] မာရ်နတ်သည်လည်း ကောင်း။ မာရ်စစ်သည် အပေါင်းတို့သည်လည်းကောင်း။ရဟန္တာပုဂ္ဂိုလ်တို့မှ။ဆုပ်ခွါဖဲသွားကြလေကုန်ပြီ။

[ရဟန်းတော်များ။] ထိုရဟန္တာအရှင်မြတ်တို့၏။မွေးညှင်းတော်တချောင်းကိုမျှလည်း။လှုပ်ရှားခြင်းငှါ။မတတ်နိုင်ကြလေသတည်း။

[မာရ်နတ်ကြီး။] ထိုသို့သောအခါ၌။ ဝဿဝတီမာရ်နတ်မင်းသည်။ ရဟန်းသံဃာတော်အပေါင်းကို။ အကြောင်းပြု၍။ (သမ္ဗောဓိတသင်္ဂါမ) စသော ဂါထာကိုရွတ်၏။ အလုံးစုံအောင်အပ်ပြီးသော။ စစ်မြေရှိကုန်သော။ ဘေး အပေါင်းကို လွန်မြောက်ကုန်ပြီးသော။ ကျော်စောခြင်းရှိကုန်သော။အလွန်ထင်ရှားကုန်သော။ ထို တပည့်သား-သံဃာတော်အများတို့သည်။ သာသနာတော်၌။ ကောင်းစွာဖြစ်ကုန်သော။အရိယာတို့နှင့်တကွ။ဝမ်းမြောက်တော် မူကြပေကုန်၏တကား။

[တနည်း။] ခပ်သိမ်းကုန်သော။ရဟန်းတော်တို့သည်။ အောင်အပ်ပြီးသော။စစ်မြေရှိကုန်၏။ကြောက်ခြင်းကို လွန်မြောက်ကုန်၏။ များသောကျော်စောခြင်း ရှိကြပေကုန်၏။ လူ့ပြည်တခွင်ထင်ရှားကုန်သော။ထိုရဟန်းတော်တို့သည်။

ဤစည်းဝေးရာ။ ရဟန္တာအရှင်မြတ် (ငါးရာ) တို့နှင့်တကွ။ ဝမ်းမြောက်တော်မူကြလေကုန်၏။

## ဤသည်လျှင်-မဟာသမယသုတ် အပြီးတည်း။

ပဏ္ဍနာပါဠိ။

[က] ဧတ္တာဝတာစ အမှေဟိ၊
သမ္ဘတံ ပုည သမ္ပဒံ။
သဗ္ဗေ ဒေဝါ·နုမောဒန္တု၊
သဗ္ဗ သမ္ပတ္တိ သိဒ္ဓိယာ။ ။

[ခ] ဒါနံ ဒဒန္တု,သဒ္ဓါယ၊
သီလံ,ရက္ခန္တု,သဗ္ဗဒါ။
ဘာဝနာ,ဘိရတာ ဟောန္တု၊
ဂစ္ဆန္တု,ဒေဝတာ,ဂတာ။ ။

[က] ဧတ္တာဝတာ၊ ဤမျှသော အတိုင်းအရှည်ရှိသော၊ စည်းဝေးညီညာ၊ ပူဇာသက္ကာရ၊ ပဏာမနှင့်၊ သီလ-သရဏဂုံ၊ အလုံးစုံသော၊ မဟာ

သမယ-သုတ်မှစ၍၊ ပရိတ်မေတ္တာ, ဘာဝနာ
ကမ္မဋ္ဌာန်း၊စည်းဖြန်းပွါးများအပ်သော အစဉ်ဖြင့်
အမှေပဟိ၊အကျွန်ုပ်တို့သည်။သဗ္ဗတာ၊စိတ်စေတ
နာ့,သဒ္ဓါ ရွှင်မြူး၊ဖြည့်ဆည်းဘူးအပ်သော။ ပုည
သမ္ဘာ၊ကောင်းမှုဂုဏ်၏ ပြည့်စုံခြင်းကို၊ သဗ္ဗေ
ဒေဝါ၊ခပ်သိမ်းရောက်လာ။နတ်,ဗြဟ္မာအပေါင်း
တို့သည်၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ လူ,နတ်,နိဗ္ဗာန်,
သုံးတန်ရိပ်ငြိမ်။မြတ်စည်းစိမ်တို့၏၊ မြတ်တိမ်
မညှိုး၊တက်တိုးပွါးစီး။ ပြီးပြည့်စုံစေခြင်းအကျိုး
ငှါ၊အနုမောဒန္တု၊ဘန်ဘန်မဆုံး။ ကြည်ရွှင်ပြုံး
၍။နှလုံးဝမ်းမြောက်နိုင်ကြပါစေကုန်သောဝ်။ ။

[ ၁ ] သဒ္ဓါယ၊သဒ္ဓါအဟုန်၊ မတုန်မလှုပ်၊ ဆ
ဟုတ်-အဟုတ်။ ယုံကြည် လေးမြတ်ခြင်း
ဖြင့်။ဒါနံ၊အလှူဒါန, ဟူသမျှကို။ဒဒန္တု၊ ပေးလှူ
ပူဇော်ကြပါကုန်လော့၊ သီလံ၊ပဉ္စ,ဒသ,အဋ္ဌင်,
ဟု-ဆိုအပ်သော။အကျင့်ပဋိပတ်၊သီလမြတ်ကို
ရက္ခန္တု၊မကျိုးမပေါက်၊ကျား-မပြောက်အောင်

စောင့်ရှောက်- ဆောက်တည်ကြ ပါကုန်လော။
သဗ္ဗဒါ၊ နေ့-ညည့်မကွာ။ အခါခပ်သိမ်း။ ဘာဝနာ
ဘိရတော၊ သမထ, ဝိပဿနာ, ဘာဝနာကမ္မဋ္ဌာန်း၊
စီးဖြန်းပွါးများ၊ ရှုစားခြင်းတို့၌။ နေ့,ည,မရွေ့။ မ
မေ့မလျော့ ကြကုန်သည်။ ပေါဟာန္တကု၊ ဖြစ်ကြပါ
စေကုန်လော့၊ ။အာဂတာ၊ ဤစကြာဝဠာ။ မဂ်
လာတိုက်မြတ်။ မွေဓါတ်ရုပ်ရှင်၊ စေတီပြင် ဤဌာ
န၊ ဤမြို့မ၊ ဤနိဂုံး ဤရွာလုံး။ ဤရပ်လုံး။ နိုင်ငံတော်
တွင်းပြင်။ သာသနာတော်ဝန်းကျင်ဟု ဆိုအပ်
သော၊ ဤအရပ်သို့၊ ဆည်းကပ် ရောက်လာကုန်
သော။ ဒေဝတာ၊ ထီးပြူ,ထီးချက်။ ကနက်ဦးကင်း
ပလ္လင်ရှစ်ခန်း၊ ရွှေနန်းကိုးရပ်၊ ပြဿဒ်ရဝေ။ ရွှေ
ပြည်နိဂုံး။ မြို့ဖုံးဇနပုဒ်။ သမုဒ်မြေပြင်။ ကောင်း
ကင်မိုးယံ၊ ဗိမာန်ဘုံနန်းအခန်းခန်းတို့၌။ သိမ်း
မြန်းစံပျော်။ မွေ့လျော် တည်နေကြကုန်သော၊
သမ္မာဒေဝ,လောကပါလာ။ ရက္ခာသုယံ၊ သဟာမ္ပ
တိ။ အစရှိသော၊ နတ်,ဗြဟ္မာ, အပေါင်းတို့သည်။
ဂဿန္တကု၊ မိမိတို့ဘုံ၊ ရိပ်မြုံသာယာ။ ဒေဝါလယ၊

ဌာနရပ်ဝန်း၊ နတ်ကွန်းဗိမာန်၊ နေရပ်ဌာနသို့၊ ပြန်လည်ကြွသွားကြပါကုန်လော။

{ နိဂုံးကဗျာ၊ }

[၁] မဟာသမယ၊ ဒီဃနိကာယ်။
ခုနှစ်ဆင့်မြောက်၊ ထွန်းတောက်လန္ဒသ်။
ဒေသနာထူး၊ ရှင်မြူးကြည်ဘွယ်။
ဘာသာရေး၊ ခံထွေးသိစိမ့်နှုယ်။ ။

[၂] အနာမျိုးကင်း၊ မိုဃ်းမင်းညီညာ။
သာသနာလုံး၊ ကျင့်သုံးမမှာ။
ပြည်သူအများ၊ ဆင့်ပွါးစေ့ငှါ။
သဒ္ဓါစိတ်၊ ယိုဘိတ်စေဘို့ပါ။

[၃] ဝိဇ္ဇာဉာဏ်စက်၊ သံလျက်ကိုကိုင်။
မောဟာပိတ်ဆည်း၊ ရိပ်ကြီးဂနိုင်။
ဒိဋ္ဌိ-ခိုသော၊ ထိုတောကိုချိုင်။
အမှန်သိ၊ သန္တိဘုံသို့တိုင်။ ။

[၄] ကတ-ပုည-အဘာမေဝ။
မောမိဉာဏ-တပဋ္ဌယာ။
သမ္ဗိဿရော-ဂတောသံသာ၊
နိဗ္ဗုတိ-ဟောမိ-နာဂတာ။ ။

ပြီး၏။

## ခါတော်မှီ

## မဟာသမယသုတ်ဖြတ်ကို။

### ကျက်မှတ်ဆောင်ရွက်တော်မူကြပါ။

ကျွန်တော်၏ပုံနှိပ်တိုက်တွင်၊ မင်္ဂလာဆောင်ကပ် ဘိတ်စာ၊ ဖြတ်ပိုင်း၊ လယ်ဂျာမှစ၍၊ အသိုရှိရာ-ပုံစံ နမူနာအတိုင်း၊ မိတ်ဆွေတို့၏ စိတ်တိုင်းကြ၊ မမှား မယွင်းရအောင်(အာမခံ)၍၊ ရိုက်နှိပ်ပေးပါမည်။


မောင်သန်း

[illegible]

[illegible]

သုတ္တနိပါတအဋ္ဌကထာ၊
အဘိဓမ္မတ္ထသင်္ဂြိုဟ်၊
နိဗ္ဗာနညွှန်ပကာသနီ၊
မဟာသမယသုတ်ပါဠိ
တော်နှင့်၊ ဘာသာပြန်၊

ကျွန်တော်၏တိုက်
ငဲ့စာအုပ်များ၊ ကို၊
သည်-လက်လီ၊ အသ
ယူရရှိနိုင်ပါသည်၊
ရင်၊ ဘာသာပြန်စာအုပ်မှ
အလှူ အတန်းတို့၌၊ ကမ်း၊

လှမ်းဝေငှနိုင်ရန်၊ အိပ်ဆောင်စာအုပ်။ ပြုလုပ်ထားပါသည်၊